# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# နှစ်ပတ်လည် အစီရင်ခံစာ

## ၂၀၁၅ ခုနှစ်

ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ ဧပြီလ

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# ၂၀၁၅ ခုနှစ် အစီရင်ခံစာ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **နိဒါန်း** ---------- | ၁ |
| ၂။ | **ကော်မရှင်နှင့် ကော်မရှင်ရုံးဌာနများ ဖွဲ့စည်းခြင်း** | |
| | ▪ ကော်မရှင် ဖွဲ့စည်းခြင်း ---------- | ၁ |
| | ▪ ဌာနများ ဖွဲ့စည်းခြင်း ---------- | ၂ |
| ၃။ | **လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေဌာနဆိုင်ရာ ဆောင်ရွက်ချက်များ** | |
| | ▪ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ---------- | ၂ |
| | ▪ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း ရေးဆွဲခြင်း ---------- | ၃ |
| | ▪ သဘောထားမှတ်ချက်နှင့် အကြံပြုချက် ပြန်ကြားချက်များ ပေးပို့ခြင်း ------- | ၃ |
| | ▪ ဥပဒေဆိုင်ရာ ဆွေးနွေးပွဲများသို့ တက်ရောက်ခြင်း ---------- | ၆ |
| | ▪ မူဝါဒနှင့် ဥပဒေဆိုင်ရာ အခြားဆောင်ရွက်ချက်များ ---------- | ၇ |
| | ▪ မူဝါဒနှင့် ဥပဒေဆိုင်ရာ အကြံပြုချက်များ ---------- | ၈ |
| ၄။ | **လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များ** | |
| | ▪ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ---------- | ၉ |
| | ▪ အစိုးရအရာထမ်းများအတွက် အလုပ်ရုံသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း -------- | ၁၀ |
| | ▪ ရပ်ရွာအခြေပြု လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း --- | ၁၂ |
| | ▪ လူ့အခွင့်အရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပခြင်း ---------- | ၁၄ |
| | ▪ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြုလုပ်သော သင်တန်းများ ကျင်းပခြင်း ---------- | ၁၇ |
| | ▪ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း ---------- | ၁၇ |
| | ▪ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ ဟောပြောခြင်း ---------- | ၁၉ |
| | ▪ အဆင့်မြင့် အရာရှိကြီးများသို့ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခြင်း ---------- | ၁၉ |
| | ▪ ဗဟိုဝန်ထမ်းတက္ကသိုလ်များသို့ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခြင်း ---------- | ၂၀ |
| | ▪ လူ့အခွင့်အရေးပညာပေး ရုပ်သံဇာတ်လမ်း ရိုက်ကူးထုတ်လွှင့်ပြသခြင်း ------- | ၂၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


- ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအား တိုင်းရင်းသားဘာသာ (၃) မျိုး ပြန်ဆိုထုတ်ဝေခြင်း ------------------------------------------------------- ၂၁
- သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခြင်း ------------------------------------------- ၂၂
- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနား ကျင်းပခြင်း ----------- ၂၂
- စာကြည့်တိုက် (Resource Center) ဖွင့်လှစ်ထားရှိခြင်း -------------------- ၂၂
- ကော်မရှင် ဝက်ဘ်ဆိုက် ဖွင့်လှစ်ထားခြင်း --------------------------------- ၂၃
- လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဆိုင်ရာ အကြံပြုချက်များ ------------------------------------------------------- ၂၃

၅။ **လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ**

- ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ------------------------------------------------ ၂၄
- တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုများ ------------------------ ၂၄
- ကွင်းဆင်းစုံစမ်းစစ်ဆေးဆောင်ရွက်ခြင်း ------------------------------------ ၂၆
- တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း ---------------------------------------------- ၂၉
- အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းများသို့ ကြည့်ရှု စစ်ဆေးခြင်း ------------------------------------ ၃၂
- ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း ------------------------ ၃၄
- ထိုင်းအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း ---- ၃၅
- တိုင်တန်းချက်များ စိစစ်ခြင်းဆိုင်ရာ လက်စွဲရေးဆွဲခြင်း -------------------- ၃၆
- သတင်းအချက်အလက်အခြေပြု ကွန်ပျူတာစနစ် တည်ဆောက်ရန် ဆောင်ရွက်ခြင်း ------------------------------------------------------- ၃၆
- လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကြံပြုချက်များ --------- ၃၇

၆။ **နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ဆောင်ရွက်ချက်များ**

- ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ------------------------------------------------ ၃၈
- ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (UPR) ၌ ပါဝင်ဆောင်ရွက်ခြင်း ------------------------------ ၃၈
- အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF) နှင့် ပူးပေါင်း ဆောင်ရွက်ခြင်း --------------------------------- ၃၉
- အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) နှင့် ပူးပေါင်း ဆောင်ရွက်ခြင်း --------------------------------------- ၄၂
- အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာညှိနှိုင်းရေး ကော်မတီ (ICC) နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း ------------------------- ၄၂

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ▪ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှု ဥပဒေဆိုင်ရာ Raoul Wallenberg Institute (RWI) (ဆွီဒင်) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း ------ | ၄၃ |
| | ▪ မွန်ဂိုလျားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း ---------------------------------------------------------------- | ၄၃ |
| | ▪ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများအား လက်ခံတွေ့ဆုံခြင်း ----------------- | ၄၃ |
| | ▪ ကော်မရှင်အဖွဲ့ဝင်များ ပြည်ပဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ခြင်း -------------------------------------------------------------- | ၄၉ |
| | ▪ ကော်မရှင်ရုံးဝန်ထမ်းများ ပြည်ပဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများ တက်ရောက်ခြင်း ------------------------------------------------- | ၅၁ |
| | ▪ နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ သုံးသပ် အကြံပြုချက်များ ----------------- | ၅၂ |
| ၇။ | **စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များ** | |
| | ▪ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ---------------------------------------------------- | ၅၃ |
| | ▪ စီမံရေးရာ ကိစ္စရပ်များ -------------------------------------------------------- | ၅၄ |
| | ▪ ဝန်ထမ်းရေးရာ ကိစ္စရပ်များ ------------------------------------------------ | ၅၅ |
| | ▪ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ ------------------------------------------- | ၅၆ |
| | ▪ လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း ------------------------------------------- | ၅၇ |
| | ▪ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကော်မရှင်၏ ထောက်ပံ့ရန်ပုံငွေ တင်ပြတောင်းခံခြင်း ---------------------------------------------------------------- | ၅၈ |
| | ▪ ကော်မရှင် ဝန်ထမ်းများအတွက် အငြိမ်းစားပင်စင်စီမံချက် ရေးဆွဲခြင်း ------- | ၅၉ |
| | ▪ ကော်မရှင် ဝန်ထမ်းများအား လူမှုဖူလုံရေးစနစ်သို့ ဝင်ရောက်ရန် ဆောင်ရွက်ခြင်း ---------------------------------------------------------------- | ၅၉ |
| | ▪ စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ အကြံပြုချက်များ ------------------------- | ၆၀ |
| ၈။ | **မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက်များ** -- | ၆၂ |
| ၉။ | **နိဂုံး** ------------------------------------------------------------------------ | ၆၃ |

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
## ၂၀၁၅ ခုနှစ် အစီရင်ခံစာ

## နိဒါန်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့အား ဆောင်ရွက်နိုင်ရန် အလို့ငှာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေကို ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁ ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။

## ကော်မရှင်နှင့် ကော်မရှင်ရုံးဌာနများ ဖွဲ့စည်းခြင်း

### ကော်မရှင် ဖွဲ့စည်းခြင်း

၂။ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁ ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၄ နှင့် ပုဒ်မ ၉ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတရုံး၏ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်စွဲပါ အမိန့်အမှတ် (၂၃/၂၀၁၄) ဖြင့် အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၁၁) ဦးပါဝင်သော "မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်" ကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ဦးဝင်းမြ<br>သံအမတ်ကြီး (အငြိမ်းစား) | ဥက္ကဋ္ဌ |
| (ခ) | ဦးစစ်မြိုင်<br>ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)<br>လူမှုဝန်ထမ်းဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးဇော်ဝင်း<br>ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)<br>အကျဉ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးယုလွင်အောင်<br>ဥက္ကဋ္ဌ (အငြိမ်းစား)<br>အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးညွန့်ဆွေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒေါက်တာမြင့်ကြည်<br>ဒုတိယပါမောက္ခချုပ် (စီမံ) (အငြိမ်းစား)<br>အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ် | အဖွဲ့ဝင် |

(ဆ) ဒေါက်တာဉာဏ်ဇော် — အဖွဲ့ဝင်
ပြည်နယ်ဆေးရုံအုပ်ကြီး (အငြိမ်းစား)

(ဇ) ဒေါက်တာဒေါ်သန်းနွဲ့ — အဖွဲ့ဝင်
ပါမောက္ခ/ဌာနမှူး (အငြိမ်းစား)
ဥပဒေပညာဌာန

(ဈ) ဒေါ်မြမြ — အဖွဲ့ဝင်
ဒုတိယအထွေထွေမန်နေဂျာ (အငြိမ်းစား)
ပြန်ကြားရေးဝန်ကြီးဌာန

(ည) ဦးခင်မောင်လေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား)
အလုပ်သမားညွှန်ကြားမှုဦးစီးဌာန

(ဋ) ဦးစိုးဘုန်းမြင့် — အဖွဲ့ဝင်
ဦးစီးအရာရှိ (အငြိမ်းစား)
ရှေ့နေချုပ်ရုံး

**ဌာနများ ဖွဲ့စည်းခြင်း**

၃။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးကို အောက်ပါဌာန (၅) ခုဖြင့် ဖွဲ့စည်းထားပြီး လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည်-

(က) လူ့အခွင့်အရေးဆိုင်ရာမူဝါဒနှင့် ဥပဒေဌာန၊

(ခ) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဌာန၊

(ဂ) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၊

(ဃ) နိုင်ငံတကာဆက်ဆံရေးဌာန၊

(င) စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန။

**လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေဌာနဆိုင်ရာ ဆောင်ရွက်ချက်များ**

**ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး အမှတ်စဉ် (၈/၂၀၁၄) တွင် အောက်ပါ ကော်မရှင် အဖွဲ့ဝင်များအား လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါသည်-

(က) ဒေါက်တာဒေါ်သန်းနွဲ့ — အဖွဲ့ဝင်

(ခ) ဦးစိုးဘုန်းမြင့် — အဖွဲ့ဝင်

၅။ လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေဌာနတွင် ဒုတိယညွှန်ကြားရေးမှူး (၁) ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး (၁) ဦး၊ လူ့အခွင့်အရေးအရာရှိ (၁) ဦး၊ အကြီးတန်းစာရေး (၁) ဦး၊ အငယ်တန်းစာရေး (၁) ဦး၊ စုစုပေါင်း (၅) ဦးတို့ကို တာဝန်ပေးအပ်ထားပါသည်။

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း ရေးဆွဲခြင်း**

၆။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၇၀ အရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်း၍ ရေးဆွဲခဲ့ပါသည်။ [၁]

**သဘောထားမှတ်ချက်နှင့် အကြံပြုချက် ပြန်ကြားချက်များ ပေးပို့ခြင်း**

၇။ လွှတ်တော်သို့ တင်သွင်းထားသော ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်း၊ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်း၊ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ကော်မရှင်၏ အကြံပြု တင်ပြချက်ကို ၂၂-၁-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီတို့သို့လည်းကောင်း၊ ၂၉-၁-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌတို့ထံသို့လည်းကောင်း ပေးပို့ခဲ့ပါသည်။

၈။ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေ (မူကြမ်း) အပေါ် အကြံပြုချက်များ ပေးပို့ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ တောင်းခံလာသဖြင့် ကော်မရှင်၏ သဘောထားမှတ်ချက်ကို ၁၈-၂-၂၀၁၅ ရက်စွဲပါစာဖြင့် ပေးပို့ခဲ့ပါသည်။ အဆိုပါ သဘောထားမှတ်ချက်တွင် ဥပဒေအမည်ကို "ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေ" ဟု ဖော်ပြသင့်ကြောင်း၊ တည်ဆဲ ကလေးသူငယ်ဥပဒေ (၁၉၉၃) ၏ပုဒ်မ ၂၇ ပါပြဋ္ဌာန်းချက်ဖြစ်သော "ကလေးသူငယ်များ၏ အရေးကိစ္စနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများသည် ကလေးသူငယ်တိုင်း လူ့အဖွဲ့အစည်း၏ ကာကွယ်စောင့်ရှောက်မှုကို ဦးဦးဖျားဖျား ရယူပိုင်ခွင့်ရှိသည်ဆိုသော ဆောင်ပုဒ်အရ ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားအတွက် ရှေးရှုဆောင်ရွက်ရမည်" ဟူသော "First Call for Children" and "best interests of children" မှုကို ပြန်လည်ဖြည့်စွက်သင့်ကြောင်း၊ အုပ်ထိန်းခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ စရိတ်ထောက်ပံ့ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍လည်းကောင်း ပြည်ထောင်စုတရား လွှတ်တော်ချုပ်နှင့် သုံးသပ်သင့်ကြောင်း၊ ကလေးသူငယ် တရားစီရင်ရေးနှင့် စပ်လျဉ်း၍ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ လမ်းညွှန်အခြေခံမှုကို ဖော်ညွှန်းရာရောက်သဖြင့် သင့်မြတ်မှုရှိကြောင်းစသည်ဖြင့် အကြံပြုခဲ့ပါသည်။

---

[၁] မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ၁-၃-၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၆ ဖြင့် ထုတ်ပြန်ပြီး ဖြစ်ပါသည်။

၉။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကျင်းပခဲ့သော "သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ (မူကြမ်း) ဒုတိယအကြိမ် သုံးသပ်ဆွေးနွေးပွဲ" တွင် ဆွေးနွေးခဲ့သော အချက်များအပေါ်အခြေခံ၍ ကော်မရှင်၏ သဘောထားမှတ်ချက်ကို ၂၉-၄-၂၀၁၅ ရက်စွဲပါစာဖြင့် ပေးပို့ခဲ့ပါသည်။ အဆိုပါ သဘောထားမှတ်ချက်တွင် "မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ မြန်မာမှုဝန်းကျင်နှင့် လိုက်လျောညီထွေ ဖြစ်စေနိုင်မည့်" ဟူသောစကားရပ်သည် အခြားဘာသာဝင် သက်ကြီးရွယ်အိုများနှင့် ခွဲခြားဆက်ဆံမှု သဘောသက်ရောက်သဖြင့် ယင်းစကားရပ်ကို ချန်လှပ်သင့်ကြောင်း၊ "ဘာသာရေးအရ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်" ဟူသည့်စကားရပ်တွင် "ဆောက်တည်ခွင့်" ဟူသောစကားရပ်ကို ထည့်သွင်းသင့်ကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းပါ လူ့အခွင့်အရေး စံနှုန်းများကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း စသည်ဖြင့် အကြံပြုတင်ပြခဲ့ပါသည်။

၁၀။ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေ (ဆဋ္ဌမမူကြမ်း) နှင့် စပ်လျဉ်းသည့် ကော်မရှင်၏ နောက်ဆက်တွဲ အကြံပြုချက်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ ၂၅-၅-၂၀၁၅ ရက်စွဲပါစာဖြင့် ပေးပို့ခဲ့ပါသည်။ အဆိုပါသဘောထား မှတ်ချက်တွင် "ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အပြည့်အဝရရှိ ခံစားနိုင်ရန်အတွက် အသိပညာ ပြန့်ပွားရေးသင်တန်းများ၊ ဆွေးနွေးပွဲနှင့် ဟောပြောပွဲများကို အစိုးရ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် သင့်လျော်သလို ပူးပေါင်းဆောင်ရွက်ခြင်း" ဟူသော စကားရပ်ကို ထည့်သွင်း ဖော်ပြသင့်ကြောင်း၊ "လူမှုဝန်ထမ်းအရာရှိ" ဟူသောစကားရပ်နှင့် စပ်လျဉ်း၍ "သင့်လျော်သော အရာရှိအဆင့် သတ်မှတ်ခြင်း သို့မဟုတ် နည်းဥပဒေတွင် အသေးစိတ် ဖော်ပြခြင်းများ" ပြုသင့်ကြောင်း၊ "ဘာသာစကား" ဟူသော စကားရပ်နောက်တွင် "စာပေ" ဟူသောစကားရပ် ထည့်သွင်းသင့်ကြောင်း စသည်ဖြင့် အကြံပြုတင်ပြခဲ့ပါသည်။

၁၁။ "လက်နက်ကိုင်ပဋိပက္ခတွင် ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ ကလေးသူငယ် အခွင့်အရေးများ စာချုပ်၏ နောက်ဆက်တွဲစာချုပ်" နှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာနက သဘောထားမှတ်ချက် တောင်းခံလာသဖြင့် "မြန်မာနိုင်ငံအနေဖြင့် ယင်းနောက်ဆက်တွဲစာချုပ်ကို လက်မှတ်ရေးထိုး အတည်ပြုသင့်ကြောင်း" ၂၄-၃-၂၀၁၅ ရက်စွဲပါစာဖြင့် ကော်မရှင်၏ သဘောထား မှတ်ချက်ကို ပေးပို့အကြံပြုခဲ့ပါသည်။

၁၂။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်က တောင်းခံလာသဖြင့် "United Nations Convention Against Corruption (UNCAC) ပြဋ္ဌာန်းချက်" နှင့်စပ်လျဉ်းသည့် ကော်မရှင်၏ သဘောထားမှတ်ချက်ကို ၂၉-၄-၂၀၁၅ ရက်စွဲပါစာဖြင့် ပေးပို့ခဲ့ပါသည်။ အဆိုပါ သဘောထား မှတ်ချက်တွင် UNCAC နှင့် ဆက်နွယ်ပြီး မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေဖြစ်သော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ (၂၀၁၃) ပါပြဋ္ဌာန်းချက်များကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်က အဓိကစီမံခန့်ခွဲလျက် အဂတိလိုက်စားမှုနှင့် စပ်လျဉ်းသော ရာဇဝတ်မှုတို့ကို စုံစမ်းစစ်ဆေး ဖော်ထုတ်ခြင်း၊ တရားစွဲဆို တင်ပို့ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး တရားရုံးက အမှုစီရင်ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး

ကော်မရှင်အနေဖြင့် အဂတိ လိုက်စားမှု တိုင်တန်းချက်အပေါ် တစ်စုံတစ်ရာ စုံစမ်းစစ်ဆေး ဖော်ထုတ်ဆောင်ရွက်ပိုင်ခွင့် ရှိမည်မဟုတ်ဘဲ လူ့အခွင့်အရေး ဖောက်ဖျက်ကြောင်း တိုင်တန်းချက်မျိုးကိုသာ စိစစ်ပြီး စုံစမ်းစစ်ဆေးမှု ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ UNCAC ပါပြဋ္ဌာန်းချက်များသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကိစ္စရပ်များဖြစ်သည့်အပြင် သက်သေ၊ ကျွမ်းကျင်သူနှင့် အဂတိ လိုက်စားမှုကြောင့် နစ်နာခံရသူများအား အကာအကွယ်ပေးခြင်း၊ သတင်းပေး တိုင်ကြားသူများကို အကာအကွယ်ပေးခြင်းဆိုင်ရာ စုံစမ်းစစ်ဆေး ဖော်ထုတ်တရားစွဲဆိုခြင်း လုပ်ထုံးလုပ်နည်းတို့သည် လူ့အခွင့်အရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် တူညီမှုရှိနိုင်မည် မဟုတ်ကြောင်း၊ အဂတိ လိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်တို့ စီမံခန့်ခွဲသော ဥပဒေချင်းလည်း မတူညီကြောင်း စသည်ဖြင့် ပြန်ကြားခဲ့ပါသည်။

၁၃။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ဖြည့်စွက်ပြင်ဆင်ရန် အကြံပြုချက်များကို ကော်မရှင်၏ ၂-၆-၂၀၁၅ ရက်စွဲပါစာဖြင့် နိုင်ငံတော်သမ္မတထံ တင်ပြခဲ့ပါသည်။ ယင်းတင်ပြချက်တွင် "အိုမင်းမစွမ်းသူများ" ဟူသော စကားရပ်အစား "သက်ကြီးရွယ်အိုများ"၊ "မသန်မစွမ်း" ဟူသော စကားရပ်အစား "မသန်စွမ်း" ဟူသောစကားရပ်ဖြင့် ပြင်ဆင်ဖော်ပြသင့်ကြောင်း၊ "လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူး ဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာ" ဟူသော ရှိရင်းစွဲစကားရပ်များအပြင် "အသားအရောင်၊ ဘာသာစကား၊ နိုင်ငံရေး အယူအဆ သို့မဟုတ် အခြားအယူအဆ" ဟူသော စကားရပ်များကို ဖြည့်စွက်သင့်ကြောင်း၊ "လူတိုင်းသည် လူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးများကို အပြန်အလှန်လေးစားရမည်" ဟူသော စကားရပ်ကို ဖြည့်စွက်သင့်ကြောင်း၊ "မည်သူ့ကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော၊ လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ပြုမူဆက်ဆံခြင်း မပြုရ" ဟူသောစကားရပ်ကို သီးခြားပုဒ်မတစ်ခုအဖြစ် ဖြည့်စွက်သင့်ကြောင်း၊ "လူ့အခွင့်အရေး မြှင့်တင်ရန်နှင့် ကာကွယ်ရန်အလို့ငှာ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တစ်ရပ်ကို ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းရမည်" ဟူသော စကားရပ်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း (၈) တွင် သီးခြားပုဒ်မတစ်ခုအဖြစ် ဖြည့်စွက်ပြဋ္ဌာန်းပေးမည် ဆိုပါက ပြည့်စုံခိုင်မာမည်ဟု သဘောရရှိပါကြောင်းဖြင့် အကြံပြု တင်ပြခဲ့ပါသည်။

၁၄။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း) အပေါ် အကြံပြုချက်များ ပေးပို့ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ တောင်းခံလာသဖြင့် ကော်မရှင်၏ အကြံပြုချက်ကို ၂-၇-၂၀၁၅ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ အဆိုပါ အကြံပြုချက်တွင် မုဒိမ်းမှုကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၃၇၅ ပါမုဒိမ်းမှု မြောက်ရန် လိုအပ်သော အင်္ဂါရပ်များနှင့် ကွဲလွဲလျက်ရှိကြောင်း၊ လိင်ပိုင်းဆိုင်ရာနှင့် ပတ်သက်၍ ထုတ်ဖော် ဖြန့်ဝေမှုဟူသော အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့်စပ်လျဉ်း၍ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၉၂၊ ၂၉၃၊ ၂၉၄ ပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်း ရှိ မရှိ ပြန်လည်သုံးသပ်သင့်ကြောင်း၊ အရပ်ဘက် တရားရုံးတွင် တရားစွဲဆိုရေး ပြဋ္ဌာန်းချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်မှု ရှိ မရှိ မူပိုင်းဆိုင်ရာနှင့် ဥပဒေပိုင်းဆိုင်ရာအတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲ

ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့နှင့် ဆွေးနွေး သုံးသပ်၍ ပြင်ဆင်သင့်သည်တို့ကို ပြန်လည် ပြင်ဆင်သင့်ကြောင်းဖြင့် အကြံပြုခဲ့ပါသည်။

၁၅။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး (ဒဂုံမြို့သစ်-မြောက်ပိုင်း) က မေးမြန်း သော "ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၄၇ တွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူ ညီမျှ အခွင့်အရေး ရရှိစေရမည်။ ထို့အပြင် နိုင်ငံသားများကို တရားဥပဒေအရ အကာအကွယ်ကို လည်း တိကျစွာ ခံစားနိုင်စေရန်ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ ပုဒ်မ ၃၄၇ နှင့် တစ်ဆက် တစ်စပ် တည်းဖြစ်သော သီးခြားဥပဒေများကို ပြဋ္ဌာန်းပေးနိုင်ရေး" အဆိုနှင့်စပ်လျဉ်း၍ ကော်မရှင်က ပြည်ထောင်စု အစိုးရအဖွဲ့ရုံးနှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့သို့ ၇-၁၂-၂၀၁၅ ရက်စွဲပါစာဖြင့် ပေးပို့ပြန်ကြားခဲ့ပါသည်။ အဆိုပါပြန်ကြားစာတွင် ကမ္ဘာ့ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၇ နှင့် အပိုဒ် ၈ ပါအခွင့်အရေးများကို ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အသိအမှတ်ပြုထားကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၇ နှင့် တစ်ဆက် တစ်စပ်တည်းဖြစ်သော သီးခြားဥပဒေများ ပြဋ္ဌာန်းပေးရေးကိစ္စမှာ ရှုထောင့်စုံမှ သေချာစွာ စဉ်းစားရမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

## ဥပဒေဆိုင်ရာ ဆွေးနွေးပွဲများသို့ တက်ရောက်ခြင်း

၁၆။ မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (Myanmar Centre for Responsible Business-MCRB) ၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇-၂၈ ရက်နေ့များတွင် ကျင်းပသည့် "Multi-Stakeholder Workshop on Strategic Community Investment in the Extractive Industries" အလုပ်ရုံဆွေးနွေးပွဲသို့ ကော်မရှင် အဖွဲ့ဝင် ဒေါက်တာ ဒေါ်သန်းနွဲ့နှင့် ကော်မရှင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းသီတာလွင်တို့ တက်ရောက်ခဲ့ ပါသည်။

၁၇။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက် အရ နေပြည်တော်၌ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉-၃၀ ရက်နေ့များတွင် ကျင်းပသည့် "သက်ကြီး ရွယ်အိုများအား ကြည့်ရှုစောင့်ရှောက်ရေးဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်း၍ အကြံပြုချက်များ ရယူ ရန်အတွက် ညှိနှိုင်းဆွေးနွေးရေး အလုပ်ရုံဆွေးနွေးပွဲ"၊ ၃၁-၃-၂၀၁၅ ရက်နေ့တွင် ကျင်းပသည့် "သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ (မူကြမ်း) အပေါ် ဒုတိယအကြိမ် သုံးသပ်ဆွေးနွေးပွဲ" နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ ၁၆-၂-၂၀၁၅ ရက်နေ့တွင် ကျင်းပ သည့် "စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ရေး ညှိနှိုင်းအစည်းအဝေး" များသို့ ကော်မရှင် ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းသီတာလွင် တက်ရောက်ခဲ့ပါသည်။

၁၈။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက် အရ နေပြည်တော်၌ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၈- ၉ ရက်နေ့များတွင် ကျင်းပသည့် "ကလေးသူငယ် အခွင့်အရေးဆိုင်ရာဥပဒေ (မူကြမ်း) ပြန်လည်သုံးသပ်ရေး လုပ်ငန်းအဖွဲ့" အစည်းအဝေးနှင့် UNICEF Myanmar ၏ ဖိတ်ကြားချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနနှင့် UNICEF Myanmar တို့ပူးပေါင်း၍ နေပြည်တော်၌ ၂၀၁၅ ခုနှစ်၊ ဇွန်လ

၄ - ၅ ရက်နေ့များတွင် ကျင်းပသည့် "National Child Law Consultation" အစည်းအဝေးများသို့ ကော်မရှင်ရုံးမှ လူ့အခွင့်အရေးအရာရှိ ဒေါ်ဖြိုးသီရိဝင်း တက်ရောက်ခဲ့ပါသည်။

၁၉။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၆-၁၇ ရက်နေ့များတွင် ကျင်းပသည့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် အသိပညာမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲနှင့် ၂၇-၅-၂၀၁၅ ရက်နေ့တွင် ကျင်းပသည့် လက်နက်ကိုင် ပဋိပက္ခတွင် ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ ကလေးသူငယ်များ အခွင့်အရေးစာချုပ်၏ နောက်ဆက်တွဲစာချုပ်သို့ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေး ညှိနှိုင်းအစည်းအဝေးများသို့ ကော်မရှင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းသီတာလွင် တက်ရောက်ခဲ့ပါသည်။

၂၀။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ ၇-၆-၂၀၁၅ ရက်နေ့တွင် ကျင်းပသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေ ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းကော်မတီအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းနွဲ့နှင့် ကော်မရှင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းသီတာလွင်တို့ တက်ရောက်ခဲ့ပါသည်။

၂၁။ အစိုးရမဟုတ်သည့် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်သော Friedrich Naumann Foundation, Myanmar Office ၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၆-၇ ရက်နေ့များတွင် ကျင်းပသည့် "Workshop on Drafting and Reviewing Laws" သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်သန်းနွဲ့နှင့် ကော်မရှင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြိုးသီရိဝင်းတို့ တက်ရောက်ခဲ့ပါသည်။

၂၂။ ၆-၁၀-၂၀၁၅ ရက်နေ့တွင် Roaul Wallenberg Institute (RWI) နှင့် မန္တလေးတက္ကသိုလ် ဥပဒေပညာဌာနတို့ ပူးတွဲ၍ မန္တလေးတက္ကသိုလ်၌ ကျင်းပပြုလုပ်သော လူ့အခွင့်အရေးဆိုင်ရာ ပညာရေးအစီအစဉ်များ ရေးဆွဲရေး အစည်းအဝေးကို ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းနွဲ့ တက်ရောက် ဆွေးနွေးခဲ့ပါသည်။

၂၃။ Australia- Myanmar Constitutional Democracy Project အဖွဲ့အစည်းမှ ကျင်းပသော "တရားမျှတမှု၊ ဒီမိုကရေစီနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ စီမံအုပ်ချုပ်ခြင်း၊ အာရှနိုင်ငံများမှ အတွေ့အကြုံများကို ပြန်လည်ထင်ဟပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ" ကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄-၂၅ ရက်နေ့များတွင် ရန်ကုန်မြို့ Micasa Hotel ၌ ကျင်းပခဲ့ရာ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဒေါက်တာဒေါ်သန်းနွဲ့နှင့် ဦးစိုးဘုန်းမြင့်တို့ တက်ရောက် ဆွေးနွေးခဲ့ကြပါသည်။

## မူဝါဒနှင့် ဥပဒေဆိုင်ရာ အခြားဆောင်ရွက်ချက်များ

၂၄။ အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သော International Commission of Jurists (ICJ) မှ Dr. Daniel Aguire (International Legal Advisor, Myanmar) ကို ကော်မရှင် အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်က ၁၉-၅-၂၀၁၅ ရက်နေ့တွင် လက်ခံတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်

အရေး ကော်မရှင်က ဆောင်ရွက်လျက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျင်းပသည့် အလုပ်ရုံသင်တန်းများ၊ ဆွေးနွေးပွဲများ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များအကြောင်းကို ဆွေးနွေးခဲ့ပါသည်။

၂၅။ အင်ဒိုနီးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (Komnas HAM) ၏ အမျိုးသား လူ့အခွင့်အရေး ဥပဒေကို ပြန်လည်သုံးသပ်ရာတွင် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (SEANF) အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံတော်အဆင့် လက်တွေ့ကျင့်စဉ်များကို လေ့လာနိုင်ရန် ပေးပို့ထားသည့် လူ့အခွင့်အရေး ဥပဒေဆိုင်ရာ မေးခွန်းများကို ကော်မရှင်က ၂၁-၁-၂၀၁၅ ရက်နေ့တွင် ဖြေကြားပေးပို့ခဲ့ပါသည်။

၂၆။ အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သော ဥပဒေရေးရာ ကုစားရေးအဖွဲ့ (မြန်မာ) ၏ ဖိတ်ကြားချက်အရ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ ၃၁-၈-၂၀၁၅ ရက်နေ့တွင် ကျင်းပသည့် "ညှဉ်းပန်းနှိပ်စက်မှု ပပျောက်ရေးနှင့် တရားမျှတမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းနွဲ့ တက်ရောက် ပို့ချခဲ့ပါသည်။

၂၇။ ဒိန်းမတ်နိုင်ငံ အခြေစိုက် The Danish Institute for Human Rights နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တို့ ပူးပေါင်း၍ ကျင်းပခဲ့သော Blended Learning Programme on Human Rights and Business for MNHRC Online သင်တန်းကို ၂၄-၈-၂၀၁၅ ရက်နေ့မှ ၂၀-၉-၂၀၁၅ ရက်နေ့ထိ ကျင်းပခဲ့ရာ ကော်မရှင်အဖွဲ့ဝင် ၃ ဦး၊ ကော်မရှင်ရုံးဝန်ထမ်း ၂၃ ဦးနှင့် မြန်မာ့ စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) မှ ဝန်ထမ်း ၄ ဦးတို့ တက်ရောက်ခဲ့ပါသည်။ ထို့ပြင် ကော်မရှင်ရုံး၌ ၇-၁၀-၂၀၁၅ ရက်နေ့မှ ၉-၁၀-၂၀၁၅ ရက်နေ့ထိ ကျင်းပသော Face-to-face သင်တန်းကိုလည်း အထက်ပါဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။

## မူဝါဒနှင့် ဥပဒေဆိုင်ရာ အကြံပြုချက်များ

၂၈။ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICESCR) သို့ မြန်မာနိုင်ငံက လက်မှတ်ရေးထိုး အတည်ပြုသင့်ကြောင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ၂၉-၁-၂၀၁၄ ရက်နေ့က နိုင်ငံတော်သမ္မတထံသို့ အကြံပြုခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံက ICESCR သို့ စာချုပ်ဝင်နိုင်ငံအဖြစ် ၁၆-၇-၂၀၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုး [၂] ခဲ့ပါသည်။ သို့ဖြစ်၍ အဆိုပါစာချုပ်ကို အတည်ပြုခြင်း [၃] ကို ဆက်လက်ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။

၂၉။ လက်နက်ကိုင် ပဋိပက္ခတွင် ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ ကလေးသူငယ်များ အခွင့်အရေးစာချုပ်၏ နောက်ဆက်တွဲစာချုပ်တွင် ပါဝင်ချုပ်ဆိုခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သဘောထားမှတ်ချက် တောင်းခံလာသည့်အတွက် ယင်း နောက်ဆက်တွဲစာချုပ်

---

[၂] Sign

[၃] Ratification

သို့ မြန်မာနိုင်ငံက လက်မှတ်ရေးထိုးအတည်ပြုသင့်ကြောင်း ကော်မရှင်က ၂၄-၃-၂၀၁၅ ရက်နေ့တွင် ပြန်ကြားခဲ့ပါသည်။ အဆိုပါ နောက်ဆက်တွဲစာချုပ်ကို ၂၈-၉-၂၀၁၅ ရက်နေ့တွင် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးခဲ့ပါသည်။ သို့ဖြစ်၍ အတည်ပြုခြင်းကို ဆက်လက် ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။

၃၀။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေမူကြမ်းကို ရေးဆွဲနေပြီဖြစ်ကြောင်း သိရှိရသဖြင့် အဆိုပါဥပဒေ ဆောလျင်စွာ ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

၃၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရေးဆွဲလျက်ရှိသော အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး ဥပဒေမူကြမ်းကို ဥပဒေအဖြစ် ဆောလျင်စွာ ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

## လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၃၂။ ကော်မရှင်၏ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကော်မရှင် မျက်နှာစုံညီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၄) တွင် အောက်ပါ ကော်မရှင်အဖွဲ့ဝင်များအား လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေး လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါသည်-

(က) ဦးယုလွင်အောင် အဖွဲ့ဝင်
(ခ) ဦးခင်မောင်လေး အဖွဲ့ဝင်

၃၃။ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဌာနတွင် ညွှန်ကြားရေးမှူး (၁) ဦး၊ ဒုတိယညွှန်ကြားရေးမှူး (၁) ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး (၁) ဦး၊ စာကြည့်တိုက်မှူး (၁) ဦး၊ လူ့အခွင့်အရေးအရာရှိ (၁) ဦး၊ ဒုတိယလူ့အခွင့်အရေးဦးစီးမှူး (၂) ဦး၊ အကြီးတန်းစာရေး (၃) ဦးနှင့် အငယ်တန်းစာရေး (၂) ဦး စုစုပေါင်းဝန်ထမ်း (၁၂) ဦးတို့ကို တာဝန်ပေးအပ်ထားပါသည်။ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(က) အစိုးရအရာထမ်းများအတွက် အလုပ်ရုံသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊

(ခ) ရပ်ရွာအခြေပြု လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊

(ဂ) လူ့အခွင့်အရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပခြင်း၊

(ဃ) နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြုလုပ်သော သင်တန်းများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခြင်း၊

(င) ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ ဟောပြောခြင်း၊

(စ) အဆင့်မြင့် အရာရှိကြီးများသို့ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခြင်း၊

(ဆ) ဗဟိုဝန်ထမ်းတက္ကသိုလ်များသို့ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခြင်း၊

(ဇ) လူ့အခွင့်အရေးပညာပေး ရုပ်သံဇာတ်လမ်း ရိုက်ကူးထုတ်လွှင့်ပြသခြင်း၊

(ဈ) ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအား တိုင်းရင်းသားဘာသာ (၃) မျိုး ပြန်ဆိုထုတ်ဝေခြင်း၊

(ည) သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခြင်း၊

(ဋ) အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနား ကျင်းပခြင်း၊

(ဌ) စာကြည့်တိုက် (Resource Center) ဖွင့်လှစ်ထားရှိခြင်း။

၃၄။ **အစိုးရအရာထမ်းများအတွက် အလုပ်ရုံသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း**

(က) **သင်တန်းရည်ရွယ်ချက်**။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နေပြည်တော် ကောင်စီအတွင်းရှိတိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် အရာထမ်းများကို လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး သင်တန်းများ ပြုလုပ်ပေးခြင်းဖြင့် အစိုးရအရာထမ်းများအနေဖြင့် လူ့အခွင့်အရေး ကိစ္စရပ်များကို သိရှိနားလည်လာပြီး မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများတွင် လူ့အခွင့်အရေး အခြေခံဖြင့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။

(ခ) **သင်တန်းကာလ**။ သင်တန်းကာလ (၂) ရက် အချိန်ပြည့် သင်တန်းဖြစ်ပါသည်။ တစ်ကြိမ်လျှင် သင်တန်းသား ဦးရေ (၅၀) အထိ လက်ခံသင်ကြားခဲ့ပါသည်။

(ဂ) **ကူညီပံ့ပိုးမှု**။ RWI ၏ ရန်ပုံငွေ ပံ့ပိုးမှုဖြင့် ကျင်းပပါသည်။

(ဃ) **သင်တန်းတွင်ဆွေးနွေးသည့် ဘာသာရပ်များ**။ တိုင်းဒေသကြီးများနှင့် နေပြည်တော်ကောင်စီတွင် ဖွင့်လှစ်သော အလုပ်ရုံသင်တန်းများ၌ အောက်ဖော်ပြပါ ဘာသာရပ် (၁၁) ရပ်ကို အခြေခံ၍ ဆွေးနွေးပို့ချခဲ့ကြပါသည်-

(၁) လူ့အခွင့်အရေးသမိုင်းကြောင်း အကျဉ်းချုပ်နှင့် လူ့အခွင့်အရေးအယူအဆများ၊

(၂) ကမ္ဘာ့ လူ့အခွင့်အရေးကြေညာစာတမ်း၊

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း နှိုင်းယှဉ်ချက်၊

(၄) အဓိကလူ့အခွင့်အရေး စာချုပ် (၉) ခု၊

(၅) ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်၊ ကလေးသူငယ်ဥပဒေနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ နှိုင်းယှဉ်ခြင်း၊

(၆) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာစာချုပ်၊

(၇) မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာစာချုပ်၊

(၈) အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် ပါရီအခြေခံမူများ၊

(၉) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အကြောင်း၊

(၁၀)တိုင်တန်းချက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊

(၁၁)မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ။

(င) **ဆောင်ရွက်ခဲ့သည့် ဒေသများ။** အစိုးရအရာထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းများကို ၂၀၁၄ ခုနှစ်အတွင်းက ပြည်နယ် (၇) ခုတွင် ဖွင့်လှစ်ပို့ချခဲ့ပြီး ၂၀၁၅ ခုနှစ်အတွင်း၌ တိုင်းဒေသကြီး (၇) ခု နှင့် နေပြည်တော်ကောင်စီတွင် အောက်ပါအတိုင်း ဖွင့်လှစ်ပို့ချခဲ့ပါသည်-

(၁) **ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့။** ၂၀၁၅ ခုနှစ်၊ မေလ ၂၇-၂၈ ရက်နေ့များတွင် ကျင်းပသည့် အလုပ်ရုံသင်တန်းကို ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဒေါ်မြမြနှင့် ဦးခင်မောင်လေးတို့ ဦးစီး၍ ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းသို့ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အရာရှိ (၄၀) ဦး တက်ရောက်ခဲ့ပါသည်။

(၂) **မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။** ၂၀၁၅ ခုနှစ်၊ ဇွန်လ ၉-၁၀ ရက်နေ့များတွင် ကျင်းပသည့် အလုပ်ရုံသင်တန်းကို ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်နှင့် ဦးခင်မောင်လေးတို့ ဦးစီး၍ ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းသို့ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အရာရှိ (၄၀) ဦး တက်ရောက်ခဲ့ပါသည်။

(၃) **မကွေးတိုင်းဒေသကြီး၊ မကွေးမြို့။** ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၂-၂၃ ရက်နေ့များတွင် ကျင်းပသည့် အလုပ်ရုံသင်တန်းကို ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးဇော်ဝင်းနှင့် ဒေါက်တာဉာဏ်ဇော်တို့ ဦးစီး၍ ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းသို့ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အရာရှိ (၃၉) ဦး တက်ရောက်ခဲ့ပါသည်။

(၄) **နေပြည်တော်၊ ပျဉ်းမနားမြို့။** ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၁-၁၂ ရက်နေ့များတွင် ကျင်းပသည့် အလုပ်ရုံသင်တန်းကို ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာ မြင့်ကြည်တို့ ဦးစီး၍ ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းသို့ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အရာရှိ (၄၁) ဦး တက်ရောက်ခဲ့ပါသည်။

(၅) **ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။** ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁-၂ ရက်နေ့များတွင် ကျင်းပသည့် အလုပ်ရုံသင်တန်းကို ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးခင်မောင်လေးနှင့် ဦးစိုးဘုန်းမြင့်တို့ ဦးစီး၍ ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းသို့ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အရာရှိ (၄၀) ဦး တက်ရောက်ခဲ့ပါသည်။

(၆) **ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့**။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၂-၂၃ ရက်နေ့များတွင် ကျင်းပသည့် အလုပ်ရုံသင်တန်းကို ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးဇော်ဝင်းတို့ ဦးစီး၍ ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းသို့ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အရာရှိ (၃၈) ဦး တက်ရောက်ခဲ့ပါသည်။

(၇) **တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၉-၃၀ ရက်နေ့များတွင် ကျင်းပသည့် အလုပ်ရုံသင်တန်းကို ဥက္ကဋ္ဌ ဦးဝင်းမြ၊ အဖွဲ့ဝင်ဦးညွန့်ဆွေနှင့် ဦးစိုးဘုန်းမြင့်တို့ ဦးစီး၍ ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းသို့ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အရာရှိ (၄၂) ဦး တက်ရောက်ခဲ့ပါသည်။

(၈) **စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၃-၂၄ ရက်နေ့များတွင် ကျင်းပသည့် အလုပ်ရုံသင်တန်းကို ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဒေါ်မြမြနှင့် ဦးခင်မောင်လေးတို့ ဦးစီး၍ ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းသို့ တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အရာရှိ (၄၉) ဦး တက်ရောက်ခဲ့ပါသည်။

## ၃၅။ ရပ်ရွာအခြေပြု လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း

(က) **ရည်ရွယ်ချက်**။ ရပ်ကွက်ကျေးရွာအတွင်းရှိ ပြည်သူများနှင့် အရပ်ဘက် လူမှု အဖွဲ့အစည်းများမှ အဖွဲ့ဝင်များကို လူ့အခွင့်အရေး၏ အခြေခံဗဟုသုတများ ရရှိစေပြီး ၎င်းတို့ကိုယ်တိုင် လူ့အခွင့်အရေးအသိပညာ လက်ဆင့်ကမ်း ပြန့်ပွားရန်နှင့် လူ့အခွင့်အရေး လေးစားလိုက်နာမှု တိုးတက်စေရန် ရည်ရွယ်ပါသည်။

(ခ) **သင်တန်းကာလ**။ သင်တန်းကာလမှာ အချိန်ပြည့် (၁) ရက်သင်တန်းဖြစ်ပါသည်။ တစ်ကြိမ်လျှင် သင်တန်းသားဦးရေ (၅၀) ဦးမှ (၆၀) ဦးထိ လက်ခံဆွေးနွေးခဲ့ပါသည်။

(ဂ) **ဆွေးနွေးသည့် ဘာသာရပ်များ**

(၁) လူ့အခွင့်အရေး အဓိပ္ပာယ်နှင့် အနှစ်သာရ၊

(၂) ကမ္ဘာ့ လူ့အခွင့်အရေးကြေညာစာတမ်း၊

(၃) လူ့အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ၊

(၄) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အကြောင်း၊

(၅) တိုင်တန်းချက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ။

(ဃ) **ဆောင်ရွက်ခဲ့သည့်ဒေသများ**။ ရပ်ရွာအခြေပြု လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို အောက်ပါအတိုင်း မြို့နယ် (၁၄) မြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့ရာ ဒေသခံ NGOs များ၊ CSOs များ တက်ရောက်ခဲ့ကြပါသည်-

(၁) ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၌ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် အဖွဲ့ဝင် ဦးခင်မောင်လေးတို့ ဦးဆောင်၍ ဆွေးနွေးခဲ့ရာ တက်ရောက်သူ (၆၇) ဦး ရှိပါသည်။

(၂) ရန်ကုန်အရှေ့ပိုင်းခရိုင်၊ တောင်ဒဂုံမြို့နယ်၌ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေး ဦးဆောင်၍ ဆွေးနွေးခဲ့ရာ တက်ရောက်သူ (၅၀) ဦး ရှိပါသည်။

(၃) နေပြည်တော်ကောင်စီ၊ ပျဉ်းမနားမြို့၌ ၂၀၁၅ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဦးခင်မောင်လေးတို့ ဦးဆောင်၍ ဆွေးနွေးခဲ့ရာ တက်ရောက်သူ (၆၀) ဦး ရှိပါသည်။

(၄) နေပြည်တော်ကောင်စီ၊ လယ်ဝေးမြို့၌ ၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဦးခင်မောင်လေးတို့ ဦးဆောင်၍ ဆွေးနွေးခဲ့ရာ တက်ရောက်သူ (၅၀) ဦး ရှိပါသည်။

(၅) မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၌ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဒေါက်တာ မြင့်ကြည်နှင့် ဦးခင်မောင်လေးတို့ ဦးဆောင်၍ ဆွေးနွေးခဲ့ရာ တက်ရောက်သူ (၅၀) ဦး ရှိပါသည်။

(၆) မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၌ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဒေါက်တာ မြင့်ကြည်နှင့် ဦးခင်မောင်လေးတို့ ဦးဆောင်၍ ဆွေးနွေးခဲ့ရာ တက်ရောက်သူ (၅၀) ဦး ရှိပါသည်။

(၇) ရန်ကုန်အနောက်ပိုင်းခရိုင်၊ အလုံမြို့နယ်၊ မြို့နယ်ခန်းမ၌ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးခင်မောင်လေးနှင့် ဦးစိုးဘုန်းမြင့်တို့ ဦးဆောင်၍ ဆွေးနွေးခဲ့ရာ (၄၂) ဦး ရှိပါသည်။

(၈) ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ သောင်ကြီးဘုန်းကြီးကျောင်း၌ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးဇော်ဝင်းတို့ ဦးဆောင်၍ ဆွေးနွေးခဲ့ရာ တက်ရောက်သူ (၄၅) ဦး ရှိပါသည်။

(၉) ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မြရွှေဝါခန်းမ၌ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးယုလွင်အောင်တို့ ဦးဆောင်၍ ဆွေးနွေးခဲ့ရာ တက်ရောက်သူ (၅၄) ဦး ရှိပါသည်။

(၁၀) ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ မြို့နယ်ခန်းမ၌ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးယုလွင်အောင်တို့ ဦးဆောင်၍ ဆွေးနွေးခဲ့ရာ တက်ရောက်သူ (၅၂) ဦး ရှိပါသည်။

(၁၁) မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မြို့နယ်ခန်းမ၌ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်၊ ဦးခင်မောင်လေးနှင့် ဦးစိုးဘုန်းမြင့်တို့ ဦးဆောင်၍ ဆွေးနွေးခဲ့ရာ တက်ရောက်သူ (၅၀) ဦး ရှိပါသည်။

(၁၂) မွန်ပြည်နယ်၊ သထုံမြို့၊ ဟုတ်ကြန်တရုတ်အမျိုးသား ဘုံကျောင်း၌ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်၊ ဦးခင်မောင်လေးနှင့် ဦးစိုးဘုန်းမြင့်တို့ ဦးဆောင်၍ ဆွေးနွေးခဲ့ရာ တက်ရောက်သူ (၄၈) ဦး ရှိပါသည်။

(၁၃) ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ မင်္ဂလာဂါးဒင်းဟိုတယ်ခန်းမ၌ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် အဖွဲ့ဝင် ဦးယုလွင်အောင်တို့ ဦးဆောင်၍ ဆွေးနွေးခဲ့ရာ တက်ရောက်သူ (၄၃) ဦး ရှိပါသည်။

(၁၄) ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ပန်းကန်စက်ရုံ အစည်းအဝေး ခန်းမ၌ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် အဖွဲ့ဝင် ဦးယုလွင်အောင်တို့ ဦးဆောင်၍ ဆွေးနွေးခဲ့ရာ တက်ရောက်သူ (၃၃) ဦး ရှိပါသည်။

၃၆။ **လူ့အခွင့်အရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပခြင်း**

(က) **ရည်ရွယ်ချက်**။ အစိုးရဌာန ဝန်ထမ်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီဝင်များနှင့် ပြည်သူများအတွင်း လူ့အခွင့်အရေးဆိုင်ရာ အသိအမြင် ဗဟုသုတများ ရရှိစေရန်နှင့် လူ့အခွင့်အရေး လေးစားကာကွယ်နိုင်ရန် အတွက် ဟောပြောပွဲများ ကျင်းပခြင်းဖြစ်ပါသည်။

(ခ) **ဟောပြောပွဲကာလ**။ ဟောပြောပွဲများကို နေ့ဝက် ကျင်းပပြုလုပ်ခဲ့ပါသည်။ သင်တန်း သားဦးရေမှာ မြို့နယ် အနေအထားအပေါ်မူတည်၍ အနည်းဆုံး (၁၀၀) ဦးမှ (၃၀၀) ဦးထိ တက်ရောက်လေ့ရှိပါသည်။

(ဂ) **ဟောပြောပွဲတွင် ဆွေးနွေးသည့် ဘာသာရပ်များ**

(၁) လူ့အခွင့်အရေး အဓိပ္ပာယ်နှင့် အနှစ်သာရ၊

(၂) ကမ္ဘာ့ လူ့အခွင့်အရေးကြေညာစာတမ်း၊

(၃) လူ့အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ၊

(၄) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အကြောင်း၊

(၅) တိုင်တန်းချက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ။

(ဃ) **ဆောင်ရွက်ခဲ့သည့်ဒေသများ**။ အောက်ပါအတိုင်း ပြည်နယ် (၁) ခုနှင့် တိုင်းဒေသကြီး (၄) ခုတို့ရှိ မြို့ပေါင်း (၁၅) မြို့တွင် ဟောပြောပို့ချခဲ့ကြပါသည်-

(၁) ၂၃-၃-၂၀၁၅ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ မြို့တော်ခန်းမ၌ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်နှင့် ဒေါ်မြမြ တို့ ဦးဆောင်၍ ဟောပြောခဲ့ရာ ဒေသခံပြည်သူ (၂၄၅) ဦး တက်ရောက် ခဲ့ကြပါသည်။

(၂) ၂၄-၃-၂၀၁၅ ရက်နေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ မြို့နယ်ခန်းမ၌ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဒေါက်တာ မြင့်ကြည်နှင့် ဒေါ်မြမြတို့ ဦးဆောင်၍ ဟောပြောခဲ့ရာ ဒေသခံပြည်သူ (၁၀၆) ဦး တက်ရောက်ခဲ့ကြပါသည်။

(၃) ၂၄-၃-၂၀၁၅ ရက်နေ့ နေ့လည်ပိုင်းတွင် မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်နှင့် ဒေါ်မြမြတို့ ဦးဆောင်၍ ဟောပြောခဲ့ရာ ဒေသခံ ပြည်သူ (၁၅၀) ဦး တက်ရောက်ခဲ့ကြပါသည်။

(၄) ၇-၄-၂၀၁၅ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး ခန်းမ၌ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် အဖွဲ့ဝင် ဦးခင်မောင်လေးတို့ ဦးဆောင်၍ ဟောပြောခဲ့ရာ ဒေသခံပြည်သူ (၁၁၄) ဦး တက်ရောက်ခဲ့ကြပါသည်။

(၅) ၈-၄-၂၀၁၅ ရက်နေ့တွင် ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ အထက်တန်းကျောင်း ခန်းမ၌ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် အဖွဲ့ဝင် ဦးခင်မောင်လေးတို့ ဦးဆောင်၍ ဟောပြောခဲ့ရာ ဒေသခံပြည်သူ (၁၀၂) ဦး တက်ရောက်ခဲ့ပါ သည်။

(၆) ၉-၄-၂၀၁၅ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ဆောမြို့၊ ယောအတွင်းဝန် ဦးဖိုးလှိုင် ခန်းမ၌ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် အဖွဲ့ဝင် ဦးခင်မောင်လေးတို့ ဦးဆောင်၍ ဟောပြောခဲ့ရာ ဒေသခံပြည်သူ (၂၁၆) ဦး တက်ရောက်ခဲ့ကြပါသည်။

(၇) ၁၈-၅-၂၀၁၅ ရက်နေ့ နေ့လည်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ် မြို့၊ မြို့တော်ခန်းမ၌ ကော်မရှင် အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာ ဉာဏ်ဇော်တို့ ဦးဆောင်၍ ဟောပြောခဲ့ရာ ဒေသခံပြည်သူ (၂၉၇) ဦး တက်ရောက်ခဲ့ကြပါသည်။

(၈) ၂၀-၅-၂၀၁၅ ရက်နေ့ နေ့လည်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ပုလဲရတနာခန်းမ၌ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာ ဉာဏ်ဇော်တို့ ဦးဆောင်၍ ဟောပြောခဲ့ရာ ဒေသခံပြည်သူ (၂၀၂) ဦး တက်ရောက်ခဲ့ကြပါသည်။

(၉) ၇-၇-၂၀၁၅ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အထက်တန်းကျောင်း (၁) ခန်းမ၌ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်၊ ဦးခင်မောင်လေးနှင့် ဦးစိုးဘုန်းမြင့်တို့ ဦးဆောင်၍ ဟောပြောခဲ့ရာ ဒေသခံပြည်သူ (၂၁၆) ဦး တက်ရောက်ခဲ့ကြပါသည်။

(၁၀) ၇-၇-၂၀၁၅ ရက်နေ့ နေ့လည်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ တောင်သာ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်၊ ဦးခင်မောင်လေးနှင့် ဦးစိုးဘုန်းမြင့်တို့ ဦးဆောင်၍ ဟောပြောခဲ့ရာ ဒေသခံပြည်သူ (၁၂၀) ဦး တက်ရောက်ခဲ့ကြပါသည်။

(၁၁) ၈-၇-၂၀၁၅ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်း မြို့နယ်၊ စပါးခန်းမ၌ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်၊ ဦးခင်မောင်လေး နှင့် ဦးစိုးဘုန်းမြင့်တို့ ဦးဆောင်၍ ဟောပြောခဲ့ရာ ဒေသခံပြည်သူ (၁၂၁) ဦး တက်ရောက်ခဲ့ကြပါသည်။

(၁၂) ၁၆-၉-၂၀၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင် မြို့နယ်၊ ရှင်စောပုခန်းမ၌ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးနှင့် ဒေါ်မြမြတို့ ဦးဆောင်၍ ဟောပြောခဲ့ရာ ဒေသခံပြည်သူ (၂၀၉) ဦး တက်ရောက်ခဲ့ကြပါသည်။

(၁၃) ၁၇-၉-၂၀၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ အလုံ မြို့နယ်၊ မြို့နယ်ခန်းမ၌ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းနှင့် ဦးခင်မောင်လေး တို့ ဦးဆောင်၍ ဟောပြောခဲ့ရာ ဒေသခံပြည်သူ (၂၁၂) ဦး တက်ရောက် ခဲ့ကြပါသည်။

(၁၄) ၁၈-၉-၂၀၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံ မြို့နယ်၊ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကော်မရှင် အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာဉာဏ်ဇော်တို့ ဦးဆောင်၍ ဟောပြောခဲ့ ရာ ဒေသခံပြည်သူ (၂၃၈) ဦး တက်ရောက်ခဲ့ကြပါသည်။

(၁၅) ၁၉-၉-၂၀၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ ၌ ကော်မရှင် ဒုတိယ ဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် အဖွဲ့ဝင် ဒေါက်တာ ဒေါ်သန်းနွဲ့တို့ ဦးဆောင်၍ ဟောပြောခဲ့ရာ ဒေသခံပြည်သူ (၂၃၇) ဦး တက်ရောက်ခဲ့ကြ ပါသည်။

## ၃၇။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြုလုပ်သော သင်တန်းများ ကျင်းပခြင်း

(က) **ရည်ရွယ်ချက်**။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်းများ၏ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်အလိုက် အသိအမြင်၊ အတွေးအခေါ်၊ ဗဟုသုတများ တိုးတက်ရရှိစေရန်၊

(ခ) **သင်တန်းကာလ**။ ရက်သတ္တ နှစ်ပတ်ခန့်၊

(ဂ) **ကူညီပံ့ပိုးမှု**။ RWI ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် ဆောင်ရွက်ပါသည်၊

(ဃ) **ဆောင်ရွက်မှုများ**။ ဌာနအတွင်း လူ့အခွင့်အရေးဆိုင်ရာ သင်တန်းများကို ကော်မရှင်အဖွဲ့ဝင်များမှ ဦးစီး၍ အောက်ပါအတိုင်း ဖွင့်လှစ်ပို့ချ ဆွေးနွေးသင်ကြားပေးခဲ့ပါသည်-

(၁) **ပထမအကြိမ်**။ ၉-၁-၂၀၁၅ မှ ၃၀-၁-၂၀၁၅ အထိ ၁၆ ရက်၊

(၂) **ဒုတိယအကြိမ်**။ ၂၃-၂-၂၀၁၅ မှ ၁၁-၃-၂၀၁၅ အထိ ၁၃ ရက်။

## ၃၈။ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း

(က) အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း) နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉-၂၀ ရက်နေ့များတွင် ရန်ကုန်မြို့၊ အင်းလျားကန်ဟိုတယ်၌ ကော်မရှင်နှင့် RWI တို့ ပူးပေါင်း၍ ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ငါးဦး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စသည့် ပြည်ထောင်စုဝန်ကြီး ဌာန (၁၀) ခုနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ အပါအဝင် NGOs, CSOs များမှ စုစုပေါင်း (၂၈) ဦးတို့ တက်ရောက်ခဲ့ပါသည်။

(ခ) "Workshop on UN Security Council Resolution 1325 on Women, Peace and Security and Related Resolutions" ကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၇-၂၈ ရက်နေ့များတွင် နေပြည်တော်ရှိ အမရာဟိုတယ်၌ ကော်မရှင်နှင့် UN Women တို့ ပူးပေါင်း၍ ကျင်းပခဲ့ရာ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတိုးတက်မှု ဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ဖော်ဆောင်ရေးလုပ်ငန်း ဗဟိုဌာန၊ အမျိုးသားလွှတ်တော် တိုင်းရင်းသား ရေးရာ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကော်မတီ၊ ပြည်ထောင်စု တရား လွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ရန်ကုန်တက္ကသိုလ်တို့မှ စုစုပေါင်း (၄၅) ဦးတို့ တက်ရောက်ခဲ့ပါသည်။ ဆွေးနွေးပွဲ အပြီးတွင် ကော်မရှင်နှင့် UN Women တို့ ပူးပေါင်း၍ "Outcome Statement of Senior Officials Workshop on UN Security Council Resolution 1325 on Women, Peace and Security and Related Resolution" ကို ထုတ်ပြန်ခဲ့ပါသည်။

(ဂ) "Workshop on Implementing UN Security Council Resolution 1325 on Women, Peace and Security and Related Resolutions" ကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၃-၂၄ ရက်နေ့များတွင် နေပြည်တော်ရှိ အမရာဟိုတယ်၌ ကော်မရှင်နှင့် UN Women တို့ ပူးပေါင်း၍ ကျင်းပခဲ့ရာ ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း တက်ရောက်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်ဥပဒေချုပ်ရုံး၊ စစ်ဘက်ရေးရာလုံခြုံရေး အရာရှိချုပ်ရုံး၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ဖော်ဆောင်ရေးလုပ်ငန်း ဗဟိုဌာန၊ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကော်မတီ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စု ရှေ့နေ ချုပ်ရုံးတို့မှ စုစုပေါင်း (၄၇) ဦး တက်ရောက်ခဲ့ပါသည်။ အလုပ်ရုံ ဆွေးနွေးပွဲအပြီး တွင် ကော်မရှင်နှင့် UN Women တို့ ပူးပေါင်း၍ "Outcome Statement of Senior Officials Workshop on Implementing UN Security Council Resolution 1325 on Women, Peace and Security and Related Resolution" ကို ထုတ်ပြန်ခဲ့ပါသည်။

(ဃ) "Workshop on Gender and Security for Senior Officials" ကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅-၁၆ ရက်နေ့များတွင် နေပြည်တော်ရှိ အမရာဟိုတယ်၌ ကော်မရှင်နှင့် UN Women တို့ ပူးပေါင်း၍ကျင်းပခဲ့ရာ ရဲချုပ် ဇော်ဝင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာနရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများ ဖြစ်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အထူး စုံစမ်း စစ်ဆေးရေး ဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်း ဦးစီး ဌာနတို့မှ စုစုပေါင်း (၆၄) ဦး တက်ရောက်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲ အပြီးတွင်

ကော်မရှင်နှင့် UN Women တို့ ပူးပေါင်း၍ "Outcome Statement of National Workshop on Gender and Security for Senior Officials" ကို ထုတ်ပြန်ခဲ့ပါသည်။

(င) အလားတူ ဆွီဒင်နိုင်ငံအခြေစိုက် RWI အဖွဲ့အစည်းနှင့် ပူးပေါင်း၍ မသန်စွမ်းသူများအတွက် အမျိုးသားအဆင့် စာရင်းအင်း ကောက်ယူလေ့လာခြင်းဆိုင်ရာ အလုပ်ရုံ သင်တန်းကို ၁၃-၇-၂၀၁၅ ရက်နေ့မှ ၁၇-၇-၂၀၁၅ ရက်နေ့အထိ Summit Park View ဟိုတယ်၊ ရန်ကုန်မြို့၌ ပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး ဝန်ထမ်း (၁၉) ဦးနှင့် မသန်စွမ်း NGOs ၊ CSOs များမှ (၂၀) ဦး စုစုပေါင်း (၅၀) ဦး တက်ရောက်ခဲ့ပါသည်။

## ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ ဟောပြောခြင်း

၃၉။ နေပြည်တော်ရှိ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများရှိ အစိုးရ အရာထမ်း၊ အမှုထမ်းများကို လူ့အခွင့်အရေးဆိုင်ရာ အသိပညာများ ဗဟုသုတများ ရရှိစေရန်၊ တာဝန်များ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေး အသိများဖြင့် ဆောင်ရွက်နိုင်ရန် လူ့အခွင့်အရေး ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရာတွင် နားလည်မှုမြင့်မားစေရန် လူ့အခွင့်အရေး အသိပညာ ပြန့်ပွားရေး ဆွေးနွေးဟောပြောမှုများ ပြုလုပ်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှ အောက်တိုဘာလ ၂၃ ရက်နေ့အထိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ၁၁ ခုနှင့် ဝန်ကြီးဌာန ၃၁ ခုတို့တွင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ရာတွင် ဌာနကြီးတစ်ခု လျှင် အရာထမ်း၊ အမှုထမ်းအင်အား (၂၀၀) ခန့် တက်ရောက်ခဲ့ကြပါသည်။ ကာကွယ်ရေး ဝန်ကြီးဌာနသို့ ဟောပြောစဉ် ဗိုလ်မှူးချုပ်၊ ဗိုလ်မှူးကြီး အစရှိသည့် အဆင့်မြင့် အရာရှိကြီးများ အပါအဝင် အရာရှိ (၂၀၀) ကျော်နှင့် အခြားအဆင့် (၃၀၀) ကျော် စုစုပေါင်း တပ်မတော်သား (၅၀၀) ကျော် တက်ရောက်ခဲ့သည်ကို တွေ့ရပါသည်။

## အဆင့်မြင့် အရာရှိကြီးများသို့ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခြင်း

၄၀။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း နေပြည်တော်ရှိ သမ္မတရုံးဝန်ကြီးဌာန (၄) တွင် ဖွင့်လှစ်သော အမြဲတမ်းအတွင်းဝန် တာဝန်ပေးအပ်ရန် လျာထားသည့် သင်တန်းသားဦးရေ (၅၀) ဦး ပါဝင်တက်ရောက်သော အဆင့်မြင့်အရာရှိကြီးများ အထူးမွမ်းမံသင်တန်း (၁) တွင် ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်တို့ကလည်းကောင်း၊ မတ်လအတွင်း ပြည်ထောင်စု ရာထူးဝန်အဖွဲ့တွင် ဖွင့်လှစ်သော သင်တန်းသား ဦးရေ (၈၅) ဦး ပါဝင်တက်ရောက်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဌာနဆိုင်ရာအရာရှိများ မွမ်းမံသင်တန်းအမှတ်စဉ် (၁) တွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်ကလည်းကောင်း၊ သင်တန်းသားဦးရေ (၈၅) ဦး ပါဝင်တက်ရောက်သော အဆင့်မြင့်အရာရှိကြီးများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂) တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ဒေါ်သန်းနွဲ့က လည်းကောင်း၊ သင်တန်းသားဦးရေ (၈၀) ဦး ပါဝင်တက်ရောက်သော အရာရှိကြီးများ မွမ်းမံ

သင်တန်းအမှတ်စဉ် (၁) တွင် ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြကလည်းကောင်း လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များကို သွားရောက် ရှင်းလင်း ပို့ချခဲ့ပါသည်။

၄၁။ ဗိုလ်မှူးကြီးအဆင့်ရှိ တပ်မတော် အရာရှိကြီးများအား အဆင့်မြင့်ရာထူးများ ပေးအပ်နိုင်ရေးအတွက် ဖွင့်လှစ်ထားသော သင်တန်းသားဦးရေ (၈၀) ဦး ပါဝင်တက်ရောက်သည့် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် အမှတ်စဉ် (၁၄) သို့ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြက လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။

## ဗဟိုဝန်ထမ်းတက္ကသိုလ်များသို့ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခြင်း

၄၂။ လူ့အခွင့်အရေး အသိပညာပြန့်ပွားရေး နည်းလမ်းတစ်ရပ်အနေဖြင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် လူ့အခွင့်အရေးဘာသာရပ် ပို့ချဆွေးနွေးနိုင်ရန် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းခဲ့ရာ သဘောတူညီမှု ရရှိခဲ့ပါသည်။ ယင်းသဘောတူညီချက်အရ ဗဟိုဝန်ထမ်း တက္ကသိုလ် (ဖောင်ကြီး) နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဇီးပင်ကြီး) တို့တွင် ပြုလုပ်သော အောက်ပါသင်တန်းများတွင် လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များ သွားရောက် ရှင်းလင်းပို့ချခဲ့ရာ သင်တန်းသားဦးရေ (၁၅၅၈၀) ဦးတို့ကို သင်ကြားပို့ချနိုင်ခဲ့ပြီးဖြစ်ပါသည်-

| စဉ် | သင်တန်းအမည် | ဖောင်ကြီး | ဇီးပင်ကြီး | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးစီမံခန့်ခွဲမှု သင်တန်း | - | ၁ | ၁ |
| ၂ | အဆင့်မြင့် အရာထမ်း စီမံခန့်ခွဲမှု သင်တန်း | ၂ | - | ၂ |
| ၃ | အလယ်အလတ်ဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း | ၂ | ၃ | ၅ |
| ၄ | အရာထမ်း အခြေခံသင်တန်း | ၂ | ၂ | ၄ |
| ၅ | အရာထမ်းငယ် အခြေခံသင်တန်း | ၁ | - | ၁ |
| ၆ | အရာထမ်းလောင်း အခြေခံသင်တန်း | ၁ | ၁ | ၂ |
| ၇ | စာရေးဝန်ထမ်းအခြေခံသင်တန်း | ၁ | - | ၁ |
| ၈ | တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း | ၁ | ၁ | ၂ |
| ၉ | အခြေခံ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း | ၄ | ၄ | ၈ |
| ၁၀ | ရဲအရာရှိများ အထူးမွမ်းမံသင်တန်း | ၁ | - | ၁ |
| | **စုစုပေါင်း** | ၁၅ | ၁၂ | ၂၇ |

## ၂၀၁၅ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော အသိပညာပေး ဆွေးနွေးဟောပြောပို့ချသည့် လုပ်ငန်းများ

| စဉ် | အကြောင်းအရာ | အရေ အတွက် | သင်တန်း သား |
|---|---|---|---|
| ၁ | အစိုးရအရာထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း | ၈ | ၃၂၉ |
| ၂ | ရုပ်ရှာအခြေပြု လူ့အခွင့်အရေး မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ | ၁၄ | ၆၉၄ |
| ၃ | လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲ | ၁၁ | ၁၈၈၉ |
| ၄ | ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများတွင် လူ့အခွင့်အရေး အသိပညာ ပြန့်ပွားရေး ဆွေးနွေးဟောပြောပွဲ | ၃၉ | ၈၃၆၇ |
| ၅ | ဗဟိုဝန်ထမ်းတက္ကသိုလ် ဖောင်ကြီး (အောက်မြန်မာပြည်) သင်တန်းများ | ၁၅ | ၈၁၄၈ |
| ၆ | ဗဟိုဝန်ထမ်းတက္ကသိုလ် ဇီးပင်ကြီး (အထက်မြန်မာပြည်) သင်တန်းများ | ၁၂ | ၇၄၃၂ |
| ၇ | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး သင်တန်းများ | ၄ | ၃၄၀ |
| ၈ | နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ် | ၁ | ၈၀ |
| | **တက်ရောက်သူ စုစုပေါင်း** | **၁၀၄** | **၂၇၂၇၉** |

## လူ့အခွင့်အရေးပညာပေး ရုပ်သံဇာတ်လမ်း ရိုက်ကူးထုတ်လွှင့်ပြသခြင်း

၄၃။ RWI ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် လူ့အခွင့်အရေး အဖွင့်ရုပ်သံဇာတ်လမ်းတိုနှင့် ကမ္ဘာ့ လူ့အခွင့် အရေး ကြေညာစာတမ်း အပိုဒ်(၂၆) "လူတိုင်းပညာသင်ကြားခွင့်ရှိသည်" ဟူသည့်အချက်ကို ဖော်ပြသည့် ရုပ်သံဇာတ်လမ်းတိုတို့ကို ရိုက်ကူးခဲ့ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ ရွှေသံလွင်မီဒီယာ ကုမ္ပဏီလီမီတက်၊ Forever Media Group ရုပ်သံလိုင်းများမှ တစ်ဆင့် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လမှ စတင်၍ အများပြည်သူ ကြည့်ရှုနိုင်ရေး ထုတ်လွှင့်ပြသခဲ့ပါသည်။

## ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအား တိုင်းရင်းသားဘာသာ (၃) မျိုး ပြန်ဆိုထုတ်ဝေခြင်း

၄၄။ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုထားသော ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအား တိုင်းရင်းသားဘာသာများဖြစ်သည့် ကချင်၊ မွန်နှင့် ရှမ်းဘာသာများသို့ ဘာသာပြန်ဆိုခြင်း ပြုလုပ်ခဲ့ပါသည်။ ကချင်ဘာသာကို ကချင်လူမျိုးရိုးရာ ယဉ်ကျေးမှုဗဟို ကော်မတီ၊ မွန်ဘာသာ ပြန်ဆိုခြင်းကို မွန်စာပေနှင့်ယဉ်ကျေးမှု ကော်မတီနှင့် ရှမ်းဘာသာကို ရှမ်းစာပေနှင့် ယဉ်ကျေးမှု အဖွဲ့တို့မှ ဘာသာပြန်ဆိုခဲ့ကြပါသည်။ စတင်မိတ်ဆက် ဖြန့်ချိခြင်း အခမ်းအနားကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင်ပြုလုပ်ခဲ့ရာ သက်ဆိုင်ရာကော်မတီမှ ကိုယ်စားလှယ်အသီးသီး တက်ရောက်

ခဲ့ကြပြီး သတင်းမီဒီယာ စုစုပေါင်း (၇) ခု တက်ရောက် သတင်းရယူခဲ့ကြပါသည်။[၄] ကျန်ရှိနေသော တိုင်းရင်းသားဘာသာများဖြင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ဘာသာပြန် ထုတ်ဝေရန် ဆက်လက်ဆောင်ရွက်လျက် ရှိပါသည်။

## သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခြင်း

၄၅။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကော်မရှင်ရုံး တည်ရှိရာ အမှတ်(၂၇)၊ ပြည်လမ်းတွင် ပြုလုပ်ခဲ့ပါသည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ သတင်းမီဒီယာ (၂၇) ခုမှ တက်ရောက် သတင်းယူခဲ့ကြပြီး လူ့အခွင့်အရေး ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများကို အဖွဲ့ဝင် ဦးဇော်ဝင်းမှလည်းကောင်း၊ လူ့အခွင့်အရေး မြှင့်တင်ရေးလုပ်ငန်းများကို အဖွဲ့ဝင် ဦးယုလွင်အောင်မှလည်းကောင်း ရှင်းလင်းပြောကြားခဲ့ပြီး သတင်းမီဒီယာများ၏ ပြန်လည်မေးမြန်းသည့် မေးခွန်းများကို ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ဝင်များက ရှင်းလင်းဖြေကြားခဲ့ပါသည်။

## အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနား ကျင်းပခြင်း

၄၆။ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ကို ကြိုဆိုသောအားဖြင့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပန်ဒါပဟိုတယ်၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ဦးဆောင်၍ အခမ်းအနားတစ်ရပ် ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက်ရောက် အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ အခမ်းအနားတွင် လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၌ဆုရရှိခဲ့သော ရန်ကုန်တိုင်းတစ်တိုင်းလုံးမှ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ (၁၀) ဦးနှင့် အခြေခံပညာ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ (၁၀) ဦးတို့အား ဆုချီးမြှင့်ပေးခဲ့ပါသည်။

## စာကြည့်တိုက် (Resource Center) ဖွင့်လှစ်ထားရှိခြင်း

၄၇။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဝန်ထမ်းများ လေ့လာဖတ်ရှုနိုင်စေရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် ကိုးကားနိုင်ရန်အတွက် စာကြည့်တိုက် (Resource Center) တစ်ခု ဖွင့်လှစ်ထားရှိရာ RWI မှ ပေးပို့ လှူဒါန်းထားသော လူ့အခွင့်အရေးဆိုင်ရာ စာအုပ်များနှင့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းပြီး ကိုးကားနိုင်စေမည့် အခြားစာအုပ်စာတမ်းများ၊ အဘိဓာန်များ၊ ဥပဒေစာအုပ်များ၊ ဂျာနယ်များကို ဝယ်ယူစုဆောင်းထားရှိရာ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလအထိ မြန်မာဘာသာဖြင့် (၁၁၈၇) အုပ်၊ အင်္ဂလိပ်ဘာသာဖြင့် (၆၄၅) အုပ်၊ စုစုပေါင်းအုပ်ရေ (၁၈၃၂) အုပ်အား ထားရှိပါသည်။ ၎င်းအပြင် လူ့အခွင့်အရေးဆိုင်ရာ Electronic books အုပ်ရေ (၇၉၀)

---

[၄] ကချင်၊ မွန်နှင့် ရှမ်းဘာသာများသို့ ပြန်ဆို၍ ဒုတိယအကြိမ် ဖြန့်ဝေခြင်းကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ကိုလည်း ထားရှိပါသည်။ အဆိုပါ စာအုပ်စာတမ်းများနှင့် Electronic books တို့ကို လူ့အခွင့်အရေး ဘာသာရပ် လေ့လာလိုသူများ ဖတ်ရှုနိုင်ရေးအတွက်လည်း စီစဉ်ထားရှိပါသည်။

## ကော်မရှင် ဝက်ဘ်ဆိုက် ဖွင့်လှစ်ထားခြင်း

၄၈။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က လုပ်ဆောင်နေသည့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများနှင့် ပတ်သက်သည့် သတင်းများနှင့် အခါအားလျော်စွာ ထုတ်ပြန်သည့် ကြေညာချက်များကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိစေနိုင်ရန်အတွက် ကော်မရှင် ဝက်ဘ်ဆိုဒ် www.mnhrc.org.mm ကိုလည်း တည်ထောင်ထားရှိပါသည်။

## လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဆိုင်ရာ အကြံပြုချက်များ

၄၉။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် လွတ်လပ်သော နိုင်ငံတော် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် အုပ်ချုပ်ရေးနှင့် ပတ်သက်၍ အစိုးရဌာနများ၊ ဥပဒေပြုရေးနှင့် ပတ်သက်၍ လွှတ်တော်များနှင့် သဟဇာတမျှတစွာ အပြန်အလှန် အကျိုးပြု ဆောင်ရွက်ခြင်း၊ အကြံပြုတင်ပြခြင်းများ ပြုလုပ်ရာတွင် လွယ်ကူချောမွေ့စေရန်အတွက် ပြည်ထောင်စု ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ အမျိုးသား လွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် တရားစီရင်ရေး မဏ္ဍိုင် အသီးသီးတို့တွင် ကော်မရှင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည့် အဓိက ဆက်သွယ်ရန် ပုဂ္ဂိုလ် (Contact Person) များ သတ်မှတ်ပေးသင့်ပါကြောင်း အကြံပြုအပ် ပါသည်။

၅၀။ လူ့အခွင့်အရေး ဘာသာရပ်ကို ပြည်ထောင်စု ဝန်ကြီးဌာနများတွင် တာဝန်ထမ်းဆောင်နေသော အရာထမ်း၊ အမှုထမ်းများ သိရှိနားလည်သဘောပေါက်ပြီး လက်တွေ့နယ်ပယ်တွင် ကျင့်သုံးနိုင်ရန်အတွက် ဝန်ကြီးဌာန အသီးသီးတွင် ကျင်းပလေ့ရှိသော ဌာနဆိုင်ရာ သင်တန်းများတွင် ထည့်သွင်း၍လည်းကောင်း၊ သီးခြားသင်တန်းအဖြစ်လည်းကောင်း ပို့ချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။ တပ်မတော်အတွင်းရှိ အဆင့်ဆင့်သော အရာရှိသင်တန်းများနှင့် အရာခံအကြပ်ကြီးသင်တန်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ အဆင့်ဆင့်သော သင်တန်းများတွင်လည်း လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်ကို ထည့်သွင်း၍ သင်ကြားနိုင်ရန်အတွက် ကော်မရှင်နှင့် ဆက်သွယ်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

၅၁။ ကျောင်းသူ၊ ကျောင်းသားများကို လူ့အခွင့်အရေးအကြောင်း သိရှိနားလည်ပြီး လူ့အခွင့်အရေးကို လေးစားလိုက်နာတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရေးအတွက် အခြေခံပညာ သင်ရိုးများတွင် ထည့်သွင်းရေးဆွဲပြီးဖြစ်ရာ ဆရာ၊ ဆရာမများအနေဖြင့် အလေးထား၍ အကောင်အထည်ဖော် သင်ကြားပေးရန် လိုအပ်ပါသည်။ ထိုကဲ့သို့ သင်ကြားပို့ချနိုင်ရန်အတွက် ဆရာ၊ ဆရာမများကိုလည်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ တာဝန်ရှိသူများအား ဖိတ်ကြား၍ သင်ကြားပို့ချစေသင့်ပါသည်။ တက္ကသိုလ်အဆင့်တွင် လူ့အခွင့်အရေးဆိုင်ရာ အသိပညာများ ဟောပြော ပို့ချနိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

## လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၅၂။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး အမှတ်စဉ် (၈/၂၀၁၄) တွင် အောက်ပါ ကော်မရှင် အဖွဲ့ဝင်များအား လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ဦးဇော်ဝင်း | အဖွဲ့ဝင် |
| (ခ) | ဒေါက်တာ ဉာဏ်ဇော် | အဖွဲ့ဝင် |
| (ဂ) | ဒေါ်မြမြ | အဖွဲ့ဝင် |

၅၃။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနတွင် ဒုတိယ ညွှန်ကြားရေးမှူး (၁) ဦး၊ လက်ထောက် ညွှန်ကြားရေးမှူး (၁) ဦး၊ လူ့အခွင့်အရေးအရာရှိ (၃) ဦး၊ ဒုတိယလူ့အခွင့်အရေး ဦးစီးမှူး (၁) ဦး၊ အကြီးတန်းစာရေး (၃) ဦးနှင့် အငယ်တန်းစာရေး (၃) ဦး စုစုပေါင်းဝန်ထမ်း (၁၂) ဦး တာဝန်ပေးအပ်ထားပါသည်။

### တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုများ

၅၄။ ၂၀၁၅ ခုနှစ်အတွင်း တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(က) **၂၀၁၅ ခုနှစ်အတွင်း ပြည်တွင်းမှ တိုင်တန်းချက်များအား ဆောင်ရွက်မှု။** ၂၀၁၅ ခုနှစ်အတွင်း တိုင်တန်းချက် စုစုပေါင်း ၁၂၈၇ စောင်ကို လက်ခံရရှိခဲ့ပါသည်။ တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး ၆၈ ကြိမ် ပြုလုပ်၍ ကြားနာစိစစ်ပြီး အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(၁) သက်ဆိုင်ရာဌာနများသို့ ညှိနှိုင်းမေးမြန်းခြင်း ၂၃၀ စောင်

- စုံစမ်းစစ်ဆေးမှု ပြီးပြတ်ခြင်း ၁၃၁ စောင်
- ဆောင်ရွက်ဆဲဖြစ်ခြင်း ၁၇ စောင်
- သက်ဆိုင်ရာဌာနများမှ ပြန်ကြားစာ ပေးပို့ရန် ကျန်ရှိခြင်း ၈၂ စောင်

(၁၃၁ + ၁၇ + ၈၂ = ၂၃၀)

(၂) တိုင်တန်းသူများသို့ အကြောင်းကြားခြင်း

- အထောက်အထားတောင်းခြင်း ၁၁၈ စောင်
- အကြံပြုခြင်း ၁၂၅ စောင်
- ကော်မရှင်၏ လုပ်ပိုင်ခွင့်အတွင်း မကျရောက်ခြင်း ၅ စောင်
- သက်ဆိုင်ရာဌာန၏ အကြောင်းပြန်ကြားချက်အား တိုင်တန်းသူထံသို့ ပြန်ကြားခြင်း ၁ စောင်

(၃) မှတ်တမ်းတင်ခြင်း

- မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေနှင့် သက်ဆိုင်မှုမရှိခြင်း ၂၀၈ စောင်
- မိတ္တူဖြစ်ခြင်း ၁၃၁ စောင်
- တိုက်ရိုက်အရေးယူဆောင်ရွက်မည့် သက်ဆိုင်ရာဌာနများသို့ လိပ်မူထားခြင်း ၈၂ စောင်
- တိုင်တန်းချက်အင်္ဂါရပ်နှင့်မညီခြင်း ၂၅ စောင်
- တရားရုံးတွင် စိစစ်ဆဲ (သို့) စီရင်ချက်ချပြီးသည့် အမှုဖြစ်ခြင်း ၂၁ စောင်
- မှတ်ပုံတင်မိတ္တူတောင်းထားဆဲအမှုဖြစ်ခြင်း ၃ စောင်

(၄) ကာယကံရှင်ဆန္ဒအရ အမှုရုပ်သိမ်းခြင်း ၆ စောင်

(၅) ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း ၈ စောင်

(၆) တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း ၁၀ စောင်

(၇) စိစစ်ရန်ကျန်ရှိခြင်း ၃၁၄ စောင်

(ခ) **၂၀၁၅ ခုနှစ်အတွင်း ပြည်ပမှ တိုင်တန်းချက်များအား ဆောင်ရွက်မှု**။ ၂၀၁၅ ခုနှစ်အတွင်း ဖက်စ်၊ အီးမေးလ်တို့ဖြင့် ပေးပို့လာသော Amnesty International မှ ၆၂၈ စောင်အပါအဝင် အခြားအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များမှ တိုင်တန်းချက် စုစုပေါင်း ၂၅၉၈ စောင် လက်ခံရရှိခဲ့ပါသည်။ ၎င်းတိုင်တန်းချက်များမှာ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေအပါအဝင် ပြစ်မှုဆိုင်ရာ ဥပဒေများဖြင့် အရေးယူခဲ့သော ဦးသိန်းအောင်မြင့်၊ ဒေါ်ခက်ခက်တင်၊ စောလှအောင်၊ ဦးကျော်မျိုးထွန်း၊ နော်အုန်းလှ၊ ဒေါ်စိန်ထွေး၊ ဦးနေမျိုးဇင်၊ ဦးတင်ထွဋ်ပိုင်၊ ဒေါ်စန်းစန်းဝင်း၊ ဦးသန့်ဇင်၊ ဦးထင်လင်းဦး၊ ဦးထင်ကျော်၊ ဦးလူမော်နိုင်၊ ဦးရာဇာဦး၊ ဦးစည်သူစိုး၊ ဦးပိုင်သက်ကျော်၊ ဦးတင့်ဆန်း၊ ဒေါ်မြတ်နုခိုင်၊ ဒေါ်ချောစန္ဒီထွန်း၊ ဦးပက်ထရစ်ခွန်ဂျာလီ စသည်တို့နှင့်ပတ်သက်၍ လွတ်ငြိမ်းချမ်းသာခွင့်ပြုရေး၊ ရှေ့နေနှင့်တွေ့ခွင့်ပြုရေး၊ ဆေးဝါးကုသမှုရရှိရေး၊ မိသားစုနှင့်တွေ့ဆုံခွင့်ရရှိရေး၊ အခြားအကျဉ်းထောင်သို့ မပြောင်းရွှေ့ရေး၊ ညှဉ်းပန်းနှိပ်စက်မှုမပြုရေး စသည့်အချက်များ ဖြစ်ပါသည်။ ၎င်းတိုင်တန်းချက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး ၁၅ ကြိမ် ပြုလုပ်၍ ကြားနာစိစစ်ခဲ့ပြီး အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(၁) သက်ဆိုင်ရာဌာနများသို့ ညှိနှိုင်းမေးမြန်းခြင်း ၆၀၇ စောင်

(၂) ဆောင်ရွက်မှုများနှင့် ပတ်သက်၍ တိုင်တန်းသူများသို့ အကြောင်းကြားခြင်း ၃၁၂ စောင်

(၃) မှတ်တမ်းတင်ခြင်း ၈၅၉ စောင်

(၄) စိစစ်ရန်ကျန်ရှိသည့်အမှု ၈၂၀ စောင်

၅၅။ ၂၀၁၅ ခုနှစ်အတွင်း ပြည်တွင်းမှ လက်ခံရရှိခဲ့သော တိုင်တန်းချက် ၁၂၈၇ စောင်အား အမှုအမျိုးအစားခွဲခြားရာတွင် (၂၁) မျိုး ဖြစ်ပြီး မြေယာအငြင်းပွားမှုများမှာ အများဆုံးဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ တိုင်တန်းချက် (၁၀၀) နှင့်အထက် တိုင်တန်းခဲ့ကြောင်း၊ ချင်းပြည်နယ်မှ တိုင်တန်းချက် အနည်းဆုံးဖြစ်ကြောင်းနှင့် ကယားပြည်နယ်မှ တိုင်တန်းမှု လုံးဝမရှိကြောင်း တွေ့ရှိရပါသည်။ **(နောက်ဆက်တွဲ- က)**

၅၆။ ၂၀၁၅ ခုနှစ်အတွင်း သက်ဆိုင်ရာဌာနများမှ ပြန်ကြားစာ စုစုပေါင်း ၃၅၀ စောင် ရရှိခဲ့ပါသည်။ အဆိုပါ ပြန်ကြားစာများအနက် မြေယာအငြင်းပွားမှု၊ တရားစီရင်ရေးကိစ္စ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ အပါအဝင် ဝန်ထမ်းများနှင့်ပတ်သက်သည့် တိုင်တန်းစာများမှာ အများဆုံးဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီတို့မှ အများဆုံးပြန်ကြားခဲ့ကြောင်း တွေ့ရှိရပါသည်။ **(နောက်ဆက်တွဲ - ခ)**

၅၇။ အထက်ပါ ပြန်ကြားစာများအနက် ၂၀၁၅ ခုနှစ်မတိုင်ခင် အကြောင်းကြားခဲ့သည့် တိုင်တန်းချက်များအပေါ် ပြန်ကြားစာ ၁၇၀ စောင်ဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွင်း အကြောင်းကြားခဲ့သည့် တိုင်တန်းချက်များအပေါ် ပြန်ကြားစာ ၁၈၀ စောင်ဖြစ်ပါသည်။ **(နောက်ဆက်တွဲ - ဂ)** ယင်း ၁၈၀ စောင်အနက် ရက်ပေါင်း (၃၀) အတွင်း လက်ခံရရှိခဲ့သည့် ပြန်ကြားစာ ၈၆ စောင် ဖြစ်ပါသည်။ ၂၀၁၅ ကုန်ဆုံးချိန်အထိ ပြန်ကြားမှုမရှိသော အမှုများမှာ ၁၁၉ မှု ဖြစ်ပါသည်။ **(နောက်ဆက်တွဲ- ဃ)**

**ကွင်းဆင်းစုံစမ်းစစ်ဆေးဆောင်ရွက်ခြင်း**

၅၈။ ၂၀၁၅ ခုနှစ်အတွင်း တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ ကွင်းဆင်းစုံစမ်းစစ်ဆေးမှုများကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်နှင့် ကော်မရှင်ရုံးဝန်ထမ်း တစ်ဦးတို့သည် တိုင်တန်းသူ ဗိုလ်မှူးတင့်ဆွေ (ငြိမ်း) ၏မိဘဘိုးဘွားပိုင် ဥယျာဉ်ခြံမြေများအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိမ်းဆည်းသွားသည်ဟူသော တိုင်တန်းချက်နှင့်စပ်လျဉ်း၍ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ (ယခင် မုဒုံမြို့နယ်)၊ ရိုးဂိုးကျေးရွာသို့ ၂၂-၄-၂၀၁၅ ရက်နေ့မှ ၂၅-၄-၂၀၁၅ ရက်နေ့အထိ သွားရောက်ကွင်းဆင်းစုံစမ်း စစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်များအရ နှစ်ဦးနှစ်ဖက်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်သင့်ကြောင်းနှင့် တိုင်တန်းသူအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် သက်ဆိုင်ရာတရားရုံး၌ တရားရေးလမ်းကြောင်းဖြင့် ဖြေရှင်းဆောင်ရွက်သင့်ကြောင်း အကြံပြုပြန်ကြားခဲ့ပါသည်။

(ခ) လှည်းကူးမြို့နယ်မှ ဦးသောင်းမြင့်က ၎င်း၏ လယ်မြေများကို အကျဉ်းဦးစီးဌာနက သိမ်းဆည်းသွားပါသဖြင့် ၎င်းလယ်မြေများအား ပြန်လည်ရရှိရေး တိုင်တန်းချက်နှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်နှင့် ကော်မရှင်ရုံးဝန်ထမ်း သုံးဦးတို့သည် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်သို့ ၁၀-၆-၂၀၁၅ ရက်နေ့

တွင် သွားရောက် ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်များအရ တရားရေးလမ်းကြောင်းအတိုင်း ရင်ဆိုင်ဖြေရှင်းသင့်ကြောင်း တိုင်တန်းသူထံသို့ အကြံပြု ပြန်ကြားခဲ့ပါသည်။

(ဂ) ရွှေပြည်သာမြို့နယ်မှ ဦးသိန်းစိုး (ပါ )၂၄ ဦးတို့က ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ဆောင်မှုများကြောင့် အိမ်ခြေ ၂၂၄ လုံး၏ အိမ်ထောင်စုများအား နစ်နာမှုမရှိစေရေးအတွက် စုံစမ်းစစ်ဆေးပေးပါရန် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ ကော်မရှင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇေယျာစိုးနှင့် ကော်မရှင်ရုံးဝန်ထမ်း နှစ်ဦးတို့သည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်သို့ ၂၄-၆-၂၀၁၅ ရက်နေ့တွင် သွားရောက် ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ လိုအပ်သလို စိစစ်ဖြေရှင်းဆောင်ရွက်ပေးရန် အကြောင်းကြားခဲ့ရာ အဆိုပါမြေနေရာသည် အားကစားကွင်း ပြုလုပ်ရန်လျာထားသည့် မြေနေရာပေါ်တွင် ကျူးကျော် ဆောက်လုပ်ခြင်းကြောင့် အရေးယူဆောင်ရွက်နေခြင်းအပေါ် တိုင်တန်းသူတို့မှ နေထိုင်ခွင့်ရရှိရေး တင်ပြခြင်းဖြစ်ကြောင်း ပြန်ကြားလာပါသည်။ အဆိုပါ ပြန်ကြားချက်ကိုလည်း တိုင်တန်းသူများထံသို့ အသိပေး အကြောင်းပြန်ကြားခဲ့ပါသည်။

(ဃ) ဦးသောင်းစိန် (ပါ ) ၅ ဦးတို့က တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး၊ တာဝန်ခံညွှန်ကြားရေးမှူး ဦးအေးငွေ (ယခင် ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး) ၏ မြေယာ သိမ်းဆည်းမှုကို ဖော်ထုတ်ပေးပါရန် တိုင်တန်းချက်နှင့် စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာဉာဏ်ဇော်နှင့် ကော်မရှင်ရုံးဝန်ထမ်း သုံးဦးတို့သည် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ကတုတ်ဘုရားကြီးကျေးရွာသို့ ၇-၇-၂၀၁၅ ရက်နေ့တွင် သွားရောက် ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်အရ တိုင်ကြားသူများမှ မမှန်မကန် တိုင်ကြားခြင်း၊ တိုင်ကြားခံရသူထံတွင် လယ်မြေပိုင်ဆိုင်မှု အထောက်အထားများ ပြည့်စုံစွာရှိပြီး အခွန်ဆောင်ထားခြင်း၊ မြို့နယ် လယ်ယာမြေစီမံ ခန့်ခွဲမှု ကော်မတီမှ မြေယာမှုခင်းဖွင့်ပြီး တိုင်ကြားသူများ၏အမှုကို ပလပ်ပြီးဖြစ်ခြင်း၊ တရားရုံးသို့ ရောက်ရှိနေသောအမှုဖြစ်ခြင်းတို့ကြောင့် မှတ်တမ်းထားရှိခဲ့ပါသည်။

(င) အင်တာနက်သတင်းအရ အိမ်ရှင် ဒေါ်အေးအေးဝင်း၏ နေအိမ်တွင် အရွယ်မရောက်သေးသော အိမ်အကူ မိန်းကလေးငယ် မသန်းသန်းအိအား ညှဉ်းပန်းနှိပ်စက်မှုနှင့် စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်နှင့် ကော်မရှင်ရုံးဝန်ထမ်း နှစ်ဦးတို့သည် ၎င်းနေထိုင်ရာ ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ လေးဒေါင့်ကန်စံပြရပ်ကွက်သို့ ၁၀-၈-၂၀၁၅ ရက်နေ့တွင် ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီး ရေးရာအဖွဲ့များသို့ ပေးပို့ခဲ့ရာ လူဝင်မှုကြီးကြပ်

ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မသန်းသန်းအိ အဒေါ်ဖြစ်သူ၏ အိမ်ထောင်စု လူဦးရေစာရင်းတွင် အမည် ဖြည့်သွင်းပေးပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ကာယကံရှင် မသန်းသန်းအိလက်ဝယ်သို့ ထုတ်ပေး ခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ပြစ်မှုကျူးလွန်သူအား တရားစွဲ ဆိုရမည့် ပုဒ်မများကို အကြံပြုပေးခဲ့ပါသည်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန် လည်နေရာချထားရေး ဝန်ကြီးဌာနမှ အမှုပြီးမြောက်ချိန်တွင် မသန်းသန်းအိ ဆန္ဒရှိ ပါ က အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်းတွင် လက်ခံစောင့်ရှောက် မည်ဟု အကြောင်းပြန်ကြားခဲ့ပါသည်။ ပြစ်မှုကျူးလွန်သူများအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၇၊ ၃၂၅ တို့ဖြင့် ဒဂုံမြို့သစ်မြောက်ပိုင်း တရားရုံးသို့ တရားစွဲဆို ဆောင်ရွက်လျက်ရှိပါသည်။

(စ) ၁၀-၃-၂၀၁၅ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၌ အမျိုးသား ပညာရေးဥပဒေ ပြင်ဆင်ပေးရေးအတွက် ဆန္ဒပြခဲ့သော သပိတ်စစ်ကြောင်းနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ အဓိကရုဏ်း ဖြစ်ပွားခဲ့မှုနှင့် ပတ်သက်၍ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာဉာဏ်ဇော်၊ ဒေါ်မြမြနှင့် ကော်မရှင်ရုံး ဝန်ထမ်းသုံးဦးတို့သည် ၁၁-၈-၂၀၁၅ ရက်နေ့တွင် အခင်းဖြစ်ပွားသည့် နေရာသို့ ကွင်းဆင်း စုံစမ်းစစ်ဆေးခဲ့ ပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန် ချက်အမှတ် (၁၂/၂၀၁၅) ဖြင့် အဓိကရုဏ်း နှိမ်နင်းရေး လုပ်ငန်းစဉ်အဆင့်ဆင့် အတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိသည့် ရဲတပ်ဖွဲ့ဝင်များနှင့် ဥပဒေချိုးဖောက်သူ များကို အရေးယူသင့်ကြောင်း အကြံပြုတိုက်တွန်းခဲ့ပါသည်။

(ဆ) ဦးကင်ပိုး (ခ) ဦးတင်ဝင်းဆိုသူက အလုပ်သမား လုပ်အားခ နစ်နာကြေးငွေမပေးဘဲ ခြံအတွင်းမှ မောင်းထုတ်သဖြင့် အလုပ်သမားအခွင့်အရေး ဆုံးရှုံးနစ်နာမှုများကို ဖြေရှင်းပေးရန် ဦးခင်လှနှင့် ဒေါ်ကျင်တို့၏ တိုင်တန်းချက်နှင့် စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်နှင့် ကော်မရှင် ရုံးဝန်ထမ်း နှစ်ဦးတို့သည် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီးအနောက်ကျေးရွာအုပ်စုသို့ ၁၈-၈-၂၀၁၅ ရက်နေ့တွင် ကွင်းစင်းစုံစမ်းစစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက် များအရ နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆောင်ရွက်သင့်ကြောင်းနှင့် တရားရေးလမ်းကြောင်း အတိုင်းရင်ဆိုင်ဖြေရှင်းသင့်ကြောင်း တိုင်တန်းသူထံသို့ အကြံပြုပြန်ကြားခဲ့ပါသည်။

(ဇ) အိမ်ရှင်ဖြစ်သူ ဒေါ်နီလာမြင့်မှ အိမ်အကူ မိန်းကလေးအား ညှဉ်းပန်းနှိပ်စက်ပါသည် ဟု တိုင်တန်းချက်နှင့်စပ်လျဉ်း၍ တိုင်တန်းသူ မအေးအေးမွေး နေထိုင်ရာ ရန်ကုန် တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်သို့ ၂-၁၀-၂၀၁၅ ရက်နေ့တွင် ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသူရကျော်နှင့် ကော်မရှင်ရုံးဝန်ထမ်း တစ်ဦးတို့ ကွင်းဆင်း စုံစမ်းစစ်ဆေးခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အိမ်အကူမိန်းကလေး အား ညှဉ်းပန်းနှိပ်စက်ခြင်းကို အရေးယူပေးပါရန် ညှိနှိုင်းမေးမြန်းခဲ့ရာ ဥပဒေ ဘောင်အတွင်းမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကာအကွယ်ပေး ဆောင်ရွက်

သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှအကြောင်း ပြန်ကြားခဲ့ပါသည်။

(ဈ) ဒဂုံမြို့သစ် စီမံကိန်းမြို့ကွက် ဖော်ထုတ်ရန်အတွက် နိုင်ငံတော်မှ သိမ်းဆည်းခဲ့သည့် လယ်ယာမြေနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးပါရန် ဦးဌေးဝင်း (ပါ ) ၂ ဦးတို့၏ တိုင်တန်းချက်အရ ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသူရကျော်နှင့် ကော်မရှင် ရုံးဝန်ထမ်း နှစ်ဦးတို့သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ယခင် သိမ်ချောင်းရှမ်းကျေးရွာ၊ ယခု ၅၄ ရပ်ကွက်သို့ ၁၅-၁၂-၂၀၁၅ ရက်နေ့တွင် ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပါသည်။ အမှုမှာ တရားမကြီးမှု အမှတ် ၃၁၉/၂၀၁၅ ဖြင့် အမှုဖွင့်ထားပြီး တရားရုံးရောက်နေသည့် အမှုဖြစ်၍ တရားရုံး၏စီရင်ဆုံးဖြတ်ချက်အတိုင်းသာ လိုက်နာဆောင်ရွက်သင့်ကြောင်း တိုင်တန်းသူထံသို့ အကြံပြုပြန်ကြားခဲ့ပါသည်။

(ည) ထန်းတပင်မြို့နေ ဦးထွန်းထွန်းဦးက ကုန်စုံဆိုင်ပိုင်ရှင် ဦးသက်ဝေထံမှ ပစ္စည်းများကို အကြွေးယူခဲ့ရာ အကြွေးများကို ပြန်လည်ပေးဆပ်ခဲ့ပြီး ဖြစ်သော်လည်း ဦးသက်ဝေက ထန်းတပင်ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မတရားသဖြင့် ဆောင်ရွက်ခဲ့သည့် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ ကော်မရှင်ရုံးမှ လူ့အခွင့်အရေး အရာရှိ ဦးရဲနောင်လွင်နှင့် ကော်မရှင်ရုံး ဝန်ထမ်းနှစ်ဦးတို့သည် ထန်းတပင်မြို့နယ်သို့ ၁၆-၁၂-၂၀၁၅ ရက်နေ့မှ ၁၇-၁၂-၂၀၁၅ ရက်နေ့အထိ ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပါသည်။ ထန်းတပင်မြို့နယ်တရားရုံးမှ တရားမမှုဖြင့် စစ်ဆေးစီရင်ပြီးသော အမှုဖြစ်ပြီး စီရင်ချက်အား မကျေနပ်၍ အယူခံ ဝင်ရောက်ထားပြီးဖြစ်ကြောင်း သိရှိရသဖြင့် တရားရေးလမ်းကြောင်းအတိုင်း ဆက်လက်ဆောင်ရွက်သွားရန် တိုင်တန်းသူထံသို့ အကြံပြုပြန်ကြားခဲ့ပါသည်။

## တွေ့ဆုံဆွေးနွေးညှိနှိုင်းမှု

၅၉။ တိုင်တန်းသူ၏နစ်နာချက်များကို တိုင်ကြားခံရသူက သိရှိကုစားပေးနိုင်ရန် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများကို ကော်မရှင်ရုံး၌ အောက်ပါအတိုင်း ပြုလုပ်ခဲ့ပါသည်-

(က) ရန်ကုန်မြို့နေ ဦးကျော်သိန်းက ၎င်းအား သံတွဲခရိုင် တရားရုံးမှ တရားမဝင် သစ်ကိစ္စနှင့်စပ်လျဉ်း၍ အများပြည်သူဆိုင်ရာ ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေအရ ထောင်ဒဏ် တစ်သက်တစ်ကျွန်း ချမှတ်ခဲ့ကြောင်း၊ ပုဇွန်တောင်မြို့နယ် တရားရုံးကလည်း ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုဖြင့် ထောင်ဒဏ်တစ်နှစ် ချမှတ်ခဲ့ကြောင်း ထောင်ကျနေစဉ် ဂရန်ကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်းမရှိကြောင်း စသဖြင့် ၎င်း၏ ဂုဏ်သိက္ခာ ကျဆင်းမှုများနှင့် နစ်နာကြေးရရှိလိုမှုများအတွက် ဆောင်ရွက်ပေးစေလိုကြောင်း ကော်မရှင်သို့ (၁၄) ကြိမ် တိုင်ကြားခဲ့ပါသည်။ ၃၀-၃-၂၀၁၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာဉာဏ်ဇော်၊ ဒေါ်မြမြနှင့် ကော်မရှင်ရုံးဝန်ထမ်း သုံးဦးတို့သည် တိုင်တန်းသူဦးကျော်သိန်းအား တွေ့ဆုံဆွေးနွေးခြင်း၊

အမှုတွဲများအား စိစစ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ၎င်း၏ တိုင်တန်းစာများနှင့် စပ်လျဉ်း၍ ၁၈-၁-၂၀၁၂ ရက်နေ့မှ ယခုထိ ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခြင်း၊ သက်ဆိုင်ရာဌာနများ၏ ပြန်ကြားစာများကို ၎င်းထံသို့ အသိပေးခြင်း၊ ၎င်း၏အမှုကိစ္စများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တရားရုံးများမှ စီရင်ဆုံးဖြတ်ပြီးဖြစ်ခြင်း စသည်တို့ကို ရှင်းလင်း ပြောကြားခဲ့ပါသည်။

(ခ) ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ တိုးကြောင်ကလေးကျေးရွာနေ ဦးလှဟန်က ၎င်း၏မြေ (၅.၁၁) ဧကအား လျော်ကြေးငွေ တစ်စုံတစ်ရာမပေးဘဲ အားကစားဝန်ကြီးဌာနက သိမ်းဆည်းခဲ့ကြောင်း၊ တိုင်ကြားခဲ့သဖြင့် ၁၂-၅-၂၀၁၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာဉာဏ်ဇော်၊ ဒေါ်မြမြနှင့် ကော်မရှင်ရုံးဝန်ထမ်း နှစ်ဦးတို့သည် တိုင်တန်းသူ ဦးလှဟန်အား တွေ့ဆုံဆွေးနွေးခြင်း၊ သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ စိစစ်တွေ့ရှိချက်များအရ အဆိုပါမြေပေါ်တွင် အားကစားကွင်း၊ အားကစားရုံများနှင့် ဆက်စပ် အဆောက်အဦများအား တည်ဆောက်မည်ဖြစ်ကြောင်း၊ ဦးလှဟန် အနေဖြင့် မြေပိုင်ဆိုင်မှုအထောက်အထားများကို ပြသနိုင်မှု မရှိကြောင်း၊ မြေသိမ်းဆည်းစဉ်က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လျော်ကြေးငွေ သီးခြား ပေးအပ်ခဲ့ခြင်းမရှိကြောင်း စသည်တို့ကို သိရှိရပါသည်။

(ဂ) တမူးမြို့နယ်၊ ဈေးတန်း (၁၀) ရပ်ကွက်နေ ဦးခင်မောင်လွင် (ပါ ) (၂) ဦးနှင့် သပိတ်ကျင်းမြို့နယ်၊ ဆယ်ဇင်းကုန်းကျေးရွာနေ ဦးနိုင်ထွန်းဦးတို့က ၎င်းတို့၏ အိမ်အနီးတွင် အော်ရီဒူး (မြန်မာ) ကုမ္ပဏီ၏ ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်နေသဖြင့် သဘာဝဘေးဒဏ်ကြောင့် အနီးပတ်ဝန်းကျင်ရှိ လူနေအိမ်များပေါ်တွင် ပြိုလဲနိုင်ခြင်း၊ လျှပ်စစ်မိုးကြိုးအန္တရာယ် ကျရောက်မှု ဖြစ်ပွားလာနိုင်ခြင်းတို့ကြောင့် တာဝါတိုင်တည်ဆောက်မှုကို ဟန့်တားပေးပါရန် တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ ၁၇-၉-၂၀၁၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာဉာဏ်ဇော်၊ ဒေါ်မြမြနှင့် ကော်မရှင်ရုံးဝန်ထမ်း နှစ်ဦးတို့သည် အော်ရီဒူး (မြန်မာ) ကုမ္ပဏီမှမန်နေဂျာ ဒေါ်သီရိကြည်ညို (ပါ ) ၂ ဦးတို့အား တွေ့ဆုံဆွေးနွေးခဲ့ရာ ၎င်းကိစ္စမှာ တာဝါတိုင်တည်ဆောက်ရေး Myanmar Tower Co.ltd နှင့်သာ သက်ဆိုင်ကြောင်း သိရှိရပါသည်။ ထို့ကြောင့် ၁၆-၁၁-၂၀၁၅ ရက်နေ့တွင် Myanmar Tower Company မှ Ms. Anais Chevallier နှင့် ဦးပန်ကူးလ်တို့အား ထပ်မံခေါ်ယူ တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း၊ သက်ဆိုင်ရာအစိုးရအဖွဲ့များသို့ အကြောင်းကြားခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ တာဝါတိုင် တည်ဆောက်မှုများ ပြီးစီးနေပြီး စက်များတပ်ဆင်ရန်သာ ကျန်ရှိတော့သဖြင့် တာဝါတိုင်တည်ဆောက်ရေး Myanmar Tower Co.ltd နှင့် တိုင်တန်းသူများ ပြေလည်မှုရရှိခဲ့ကြောင်း သိရှိရပါသည်။

(ဃ) သထုံမြို့၊ အောက်ကျင်းရပ်ကွက်နေ ဦးထိန်လင်း (ပါ ) (၂) ဦးက ၎င်းတို့၏အိမ်ဝင်းအတွင်းရှိ ရေတွင်းအနီးတွင် မြန်မာ့ရှေ့ဆောင် ဘဏ်၏မိလ္လာကန်သည် နီးကပ်နေ

သဖြင့် နေရာရွှေ့ပြောင်းပေးပါရန် တိုင်တန်းချက်နှင့် စပ်လျဉ်း၍ ၂၈-၉-၂၀၁၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာဉာဏ်ဇော်၊ ဒေါ်မြမြနှင့် ကော်မရှင်ရုံးဝန်ထမ်း နှစ်ဦးတို့သည် မြန်မာ့ရေနံ့ဆောင်ဘဏ်၊ အကျိုးတော်ဆောင် ဦးဟန်ထူး (ပါ ) ၂ ဦးတို့အား တွေ့ဆုံဆွေးနွေးခဲ့ရာ သထုံမြို့နယ်တရားရုံးက မြန်မာ့ရေနံ့ဆောင်ဘဏ်၏ မိလ္လာကန်အား ရွှေ့ပြောင်းရန်နှင့် ငွေဒဏ်ကျပ် ငါးသောင်းတိတိ ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ကြောင်း၊ မြန်မာ့ရေနံ့ဆောင်ဘဏ်အနေဖြင့် ငွေဒဏ်ကျပ် ငါးသောင်း ပေးဆောင်ခဲ့သော်လည်း မိလ္လာကန်အား ပြောင်းရွှေ့ခြင်း မရှိသေးသည့်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရှိရပါသည်။

(င) သန်လျင်မြို့နေ ဦးစိန်မောင်ကို (ပါ ) ၃ ဦးက ၎င်းတို့၏လုပ်အားခပေးရန် ကျန်ငွေများကို ဇေရာဝဏ်ပုံနှိပ်လုပ်ငန်းမှ ပေးဆောင်ခြင်း မရှိသဖြင့် ညှိနှိုင်းဖျန်ဖြေပေးပါရန် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ ၁၂-၁၀-၂၀၁၅ ရက်နေ့တွင် ကော်မရှင် အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်၊ ဒေါ်မြမြနှင့် ကော်မရှင်ရုံးဝန်ထမ်း နှစ်ဦးတို့သည် တိုင်တန်းသူနှင့် တိုင်တန်းခံရသူ ဦးဝင်းမြွေး (ပါ ) ၃ ဦးတို့အား တွေ့ဆုံဆွေးနွေးခဲ့ရာ ၂၆-၁၀-၂၀၁၅ ရက်နေ့တွင် လုပ်အားခငွေကျပ် ငါးသိန်း ရရှိပြီးဖြစ်ကြောင်း၊ ကျန်ငွေများကို ဆက်လက် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

(စ) ပတ္တမြားမြေ ခရီးသွားလုပ်ငန်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးအေးကျော်က ၎င်းအား Black List ထည့်သွင်းခံရကြောင်း တိုင်တန်းချက်နှင့်စပ်လျဉ်း၍ ၁၃-၁၀-၂၀၁၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါ်မြမြနှင့် ကော်မရှင် ရုံးဝန်ထမ်း လေးဦးတို့သည် တိုင်တန်းသူနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ ပါမောက္ခဦးခင်စိန်မောင် (ပါ ) ၇ ဦးတို့အား တွေ့ဆုံဆွေးနွေးခဲ့ရာ ဦးအေးကျော်၏ ဥပဒေနှင့်မညီသော ပြောဆိုပြုမူ ဆောင်ရွက်ချက်များကြောင့် Black List ထည့်သွင်းခံရခြင်းဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနက ဖြစ်စဉ်အကြောင်းအရာ တစ်ခုချင်းအပေါ် မူတည်၍ ဖြေလျှော့မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

(ဆ) ပုဇွန်တောင်မြို့နယ်နေ ဦးအုန်းကျော်က ၁၉၆၄ ခုနှစ်တွင် ပြည်သူပိုင်သိမ်းယူခြင်း ခံခဲ့ရသော ဆိုင်ခန်းအား ပြန်လည်ရယူလိုကြောင်း တိုင်တန်းချက်နှင့် စပ်လျဉ်း၍ ၆-၁၁-၂၀၁၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာဉာဏ်ဇော်၊ ဒေါ်မြမြနှင့် ကော်မရှင်ရုံးဝန်ထမ်း နှစ်ဦးတို့သည် တိုင်တန်းသူအား တွေ့ဆုံဆွေးနွေးခဲ့ရာ လိုအပ်သည့် အထောက်အထားများ ပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိသောကြောင့် မှတ်တမ်းထားရှိခဲ့ပါသည်။

(ဇ) စမ်းချောင်းမြို့နယ်နေ ဒေါ်ရွှေရွှေလေးက ဦးမျိုးဇော်လတ်အား အိမ်အလှဆင် လုပ်ငန်း လုပ်ကိုင်ရန်အတွက် ငွေများ ယုံကြည်စွာအပ်နှံခဲ့ပြီး မူလငွေ အပြည့်အဝ ပြန်လည်ရရှိခြင်း မရှိကြောင်း တိုင်တန်းချက်နှင့်စပ်လျဉ်း၍ ၁၇-၁၁-၂၀၁၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်၊ ဒေါ်မြမြနှင့် ကော်မရှင်ရုံးဝန်ထမ်း

သုံးဦးတို့သည် တိုင်တန်းသူနှင့် တိုင်တန်းခံရသူတို့အား တွေ့ဆုံဆွေးနွေးခဲ့ရာ ၁၄-၃-၂၀၁၆ ရက်နေ့အထိ ကျပ်ငွေ သိန်းသုံးဆယ် ပြန်လည်ရရှိပြီးဖြစ်ကြောင်း၊ ကျန်ငွေများကို ပြေကျေသည်အထိ လစဉ် ပေးချေမည်ဖြစ်ကြောင်း သိရှိရပါသည်။

(ဈ) ရွှာင်မြို့နယ်နေ ဦးကျော်သိန်းငယ် (ပါ ) (၂) ဦးက ရွှေသံလွင်ကုမ္ပဏီမှ သိမ်းယူသွားသော မြေယာများကို ကာလပေါက်ဈေးအတိုင်း လျော်ကြေးပေးရန် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ ၉-၁၂-၂၀၁၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါ်မြမြနှင့် ကော်မရှင် ရုံးဝန်ထမ်း နှစ်ဦးတို့သည် ရွှေသံလွင်ကုမ္ပဏီမှ အထွေထွေ မန်နေဂျာ ဦးကိုကိုအောင် (ပါ ) ၂ ဦးတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ သိမ်းဆည်းခံရသော မြေများကို မြို့နယ်မြေစာရင်း ဦးစီးဌာနနှင့် စစ်ဆေးအတည်ပြုချက် ရယူပြီး အများနည်းတူ လျော်ကြေးငွေများ ပေးလျော်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

(ည) စမ်းချောင်းမြို့နယ်နေ ဒေါ်ခင်အေးက ၎င်းပိုင်ဆိုင်သောအိမ်ကို ဦးဝင်းဆိုသူက ၎င်းမှပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းများကို အတုပြုလုပ်၍ နေအိမ်မှ ဖယ်ရှားစေခဲ့ကြောင်း တိုင်တန်းချက်နှင့်စပ်လျဉ်း၍ ၁၁-၁၂-၂၀၁၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်၊ ဒေါ်မြမြနှင့် ကော်မရှင်ရုံးဝန်ထမ်း သုံးဦးတို့သည် တိုင်တန်းသူ ဒေါ်ခင်အေးနှင့် တရားလွှတ်တော်ရှေ့နေ ဒေါ်မေစန္ဒာယမုံအေးတို့အား တွေ့ဆုံဆွေးနွေးခဲ့ရာ သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုထားပြီးဖြစ်၍ တရားရုံး၏ အဆုံးအဖြတ်ကိုရယူရန် အသိပေးအကြောင်းကြားခဲ့ပါသည်။

(ဋ) လပွတ္တာမြို့နယ်နေ ဒေါ်နော်ဂျူးနားက ဒေါက်တာသန်းဝင်းတင်သည် နန့်ဖောဟိလာအား ကာမလိမ်လည်ရယူကြောင်း တိုင်တန်းချက်နှင့် စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာဉာဏ်ဇော်၊ ဒေါ်မြမြနှင့် ကော်မရှင်ရုံး ဝန်ထမ်းနှစ်ဦးတို့သည် ၂၂-၁၂-၂၀၁၅ ရက်နေ့တွင် ဒေါက်တာ သန်းဝင်းတင်နှင့်လည်းကောင်း၊ ၁၃-၁-၂၀၁၆ ရက်နေ့တွင် နန်းရိုဒါဝင်း (ဒေါက်တာသန်းဝင်းတင်၏ဇနီး) နှင့် နန့်ဖောဟိလာတို့နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ရာ တိုင်ကြားချက်များမှာ မှန်ကန်မှုမရှိကြောင်း၊ တိုင်ကြားသူ ဒေါ်နော်ဂျူးနား ဆိုသူမှာ အမှန်တကယ် မရှိကြောင်း သိရှိရသဖြင့် မှတ်တမ်းထားရှိခဲ့ပါသည်။

**အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းများသို့ ကြည့်ရှုစစ်ဆေးခြင်း**

၆၀။ ကော်မရှင်အဖွဲ့ဝင်များသည် ၂၀၁၅ ခုနှစ်အတွင်း အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းများသို့ ကြည့်ရှုခဲ့ပြီး စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခြင်း၊ အများပြည်သူ သိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်း၊ ကော်မရှင် ဝက်ဘ်ဆိုက်တွင် ဖော်ပြခြင်းများကို ဆောင်ရွက်ခဲ့ပါသည် -

(က) ၄-၂-၂၀၁၅ ရက်နေ့တွင် ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်၊ ဒေါ်မြမြနှင့် ကော်မရှင်ရုံးဝန်ထမ်း နှစ်ဦးတို့သည် ကော့မှူးမြို့နယ်၊ ၄ က်အော်စမ်း လူငယ်သင်တန်းကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေး

ခဲ့ပြီး အကြံပြုတိုက်တွန်းချက် ၁၁ ချက်ကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

(ခ) ၁၇-၂-၂၀၁၅ ရက်နေ့မှ ၁၈-၂-၂၀၁၅ ရက်နေ့များတွင် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဦးယုလွင်အောင်၊ ဒေါက်တာဉာဏ်ဇော်၊ ဒေါက်တာဒေါ်သန်းနွဲ့နှင့် ကော်မရှင်ရုံး ဝန်ထမ်း ၄ ဦးတို့သည် အင်းစိန်ဗဟိုအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြံပြုတိုက်တွန်းချက် ၁၃ ချက် ပေးပို့ခဲ့ပါသည်။

(ဂ) ၂-၄-၂၀၁၅ ရက်နေ့မှ ၆-၄-၂၀၁၅ ရက်နေ့အထိ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာဉာဏ်ဇော်၊ ဒေါ်မြမြနှင့် ကော်မရှင်ရုံး ဝန်ထမ်းနှစ်ဦးတို့သည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့များရှိ အကျဉ်းထောင်နှင့် ရဲအချုပ်ခန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြံပြုတိုက်တွန်းချက် ၁၈ ချက် ပေးပို့ခဲ့ပါသည်။

(ဃ) ၆-၅-၂၀၁၅ ရက်နေ့မှ ၉-၅-၂၀၁၅ ရက်နေ့အထိ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာဒေါ်သန်းနွဲ့နှင့် ကော်မရှင်ရုံးဝန်ထမ်း တစ်ဦးတို့သည် ရှမ်းပြည်နယ်၊ မိုင်းဆတ်မြို့ရှိ အကျဉ်းထောင်သို့သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန သို့ အကြံပြုတိုက်တွန်းချက် ၁၂ ချက် ပေးပို့ခဲ့ပါသည်။

(င) ၈-၆-၂၀၁၅ ရက်နေ့မှ ၁၂-၆-၂၀၁၅ ရက်နေ့အထိ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဦးညွန့်ဆွေ၊ ဒေါ်မြမြနှင့် ကော်မရှင်ရုံးဝန်ထမ်း နှစ်ဦးတို့သည် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ရှိ အိုးဘိုအကျဉ်းထောင်နှင့် အလုပ်စခန်းများ၊ ရှမ်းပြည်နယ်၊ နောင်ချိုမြို့၊ သီပေါမြို့နှင့် လားရှိုးမြို့များရှိ အကျဉ်းထောင်များနှင့် အလုပ်စခန်းများအား သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြံပြုတိုက်တွန်းချက် ၁၆ ချက် ပေးပို့ခဲ့ပါသည်။

(စ) ၁၃-၇-၂၀၁၅ ရက်နေ့မှ ၁၄-၇-၂၀၁၅ ရက်နေ့အထိ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာဉာဏ်ဇော်၊ ဒေါ်မြမြနှင့် ကော်မရှင်ရုံးဝန်ထမ်း သုံးဦးတို့သည် ပဲခူးတိုင်းဒေသကြီးရှိ သာယာဝတီ အကျဉ်းထောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြံပြုတိုက်တွန်းချက် ၆ ချက် ပေးပို့ခဲ့ပါသည်။

(ဆ) ၆-၁၀-၂၀၁၅ ရက်နေ့မှ ၁၀-၁၀-၂၀၁၅ ရက်နေ့အထိ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာဉာဏ်ဇော်နှင့် ကော်မရှင်ရုံးဝန်ထမ်းနှစ်ဦးတို့သည် တနင်္သာရီတိုင်း ဒေသကြီး၊ ကော့သောင်းမြို့နှင့် မြိတ်မြို့များသို့ သွားရောက်၍ အကျဉ်းထောင်နှင့် ရဲအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြံပြုတိုက်တွန်းချက် ၂၀ ချက် ပေးပို့ခဲ့ပါသည်။

(ဇ) မြင်းခြံအကျဉ်းထောင်တွင် ချုပ်နှောင်ထားသည့် တက္ကသိုလ်ကျောင်းသား ကိုစိုးလှိုင်နှင့် ကိုစည်သူမြတ်တို့က ၎င်းတို့သည် ၆-၁၁-၂၀၁၅ ရက်နေ့မှ ၉-၁၁-၂၀၁၅ ရက်နေ့အထိ အစာတင်ခံဆန္ဒပြခဲ့စဉ် ကာလအတွင်း ရိုက်နှက်ခံရပြီး၊ သောက်ရေမရရှိကြောင်း တိုင်ကြားချက်များအရ ၁၇-၁၂-၂၀၁၅ ရက်နေ့နှင့် ၁၈-၁၂-၂၀၁၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာ ဉာဏ်ဇော်နှင့် ကော်မရှင်ရုံးဝန်ထမ်း

တစ်ဦးတို့သည် မြင်းခြံအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့ရာ ရိုက်နှက်ခြင်းနှင့်စပ်လျဉ်း၍ ဒဏ်ရာဒဏ်ချက်နှင့် မျက်မြင်သက်သေများကို မတွေ့ရှိရဘဲ၊ သောက်ရေနှင့် ပတ်သက်၍ ပထမနှစ်ရက်တွင် ရရှိပြီး နောက်ရက်များတွင် မရရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပါသည်။ သို့ဖြစ်၍ အစာငတ်ခံ ဆန္ဒပြရာတွင် လိုက်နာ ဆောင်ရွက်ရမည့် ညွှန်ကြားချက်များအတိုင်း လိုက်နာကျင့်သုံးရန်နှင့် ထောင်တွင်း၊ ထောင်ပြင်ပြောင်းရွှေ့ရာ၌ လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ပြုမူခြင်းများကို ရှောင်ကြဉ်ရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြံပြုတိုက်တွန်းခဲ့ပါသည်။

## ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်း

၆၁။ ၂၀၁၅ ခုနှစ်အတွင်း ကော်မရှင်ရုံး၌ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများကို လက်ခံတွေ့ဆုံဆွေးနွေးမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၃-၆-၂၀၁၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းနှင့် ဒေါ်မြမြတို့သည် Chin Human Rights Organization (CHRO) မှ အဖွဲ့ဝင် နှစ်ဦးတို့အား လက်ခံတွေ့ဆုံခဲ့ပြီး ချင်းပြည်နယ်ရှိ လူ့အခွင့်အရေး ချိုးဖောက်ခံရသည့် ချင်းတိုင်းရင်းသား ဒုက္ခသည် ၃၀၀ အတွက် ရိက္ခာထောက်ပံ့ပေးနိုင်ပါရန်၊ ချင်းအမျိုးသား လိန်မန်း ပျောက်ဆုံးမှုတွင် ရှာဖွေမှုပြုပေးနိုင်ပါရန်နှင့် အစိုးရဘက်မှ ရွာသားများအား ရွာသို့ ဖိအားပေး၍ ပြန်ခိုင်းခြင်းကို တားမြစ်ပေးပါရန်ဟု ပါရှိသည့် တောင်းဆိုချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

(ခ) ၃၀-၆-၂၀၁၅ ရက်နေ့တွင်ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာ ဒေါ်သန်းနွဲ့၊ ဒေါ်မြမြနှင့် ဦးစိုးဘုန်းမြင့်တို့သည် International Commission of Jurists (ICJ) မှ အဖွဲ့ဝင် နှစ်ဦးတို့အား လက်ခံတွေ့ဆုံခဲ့ပြီး Bussiness and Human Rights နှင့် စပ်လျဉ်း၍ ကော်မရှင်၏ လုပ်ဆောင်နေမှုများ၊ အကျဉ်းသားများ အခွင့်အရေး၊ အကျဉ်းထောင်များ ပြုပြင်ပြောင်းလဲရေးတို့အတွက် လုပ်ဆောင်နေမှုများ၊ တိုင်တန်းချက်များအား ကော်မရှင်သို့ပေးပို့ရာတွင် လက်ခံနိုင်သည့် နည်းလမ်းများနှင့် စပ်လျဉ်းသည့် မေးခွန်းများကို ရှင်းလင်းဆွေးနွေး ဖြေကြားခဲ့ကြပါသည်။

(ဂ) ၁-၇-၂၀၁၅ ရက်နေ့တွင် ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ၊ အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာ ဉာဏ်ဇော်၊ ဒေါ်မြမြနှင့် ဦးစိုးဘုန်းမြင့်တို့သည် Kayin Human Rights Group (KHRG) မှ အဖွဲ့ဝင် ၇ ဦးတို့အား လက်ခံတွေ့ဆုံခဲ့ပြီး ၎င်းတို့အဖွဲ့အစည်းမှ ရေးသားပြုစုထားသော ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်၊ ဇွန်လထိ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားခြင်း၊ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးခြင်းနှင့် မြေယာသိမ်းဆည်းခံရမှုများနှင့် စပ်လျဉ်း၍ အကောင်းဆုံး ဖြစ်နိုင်မည့် ကုစားမှုနည်းလမ်းများကို ဆွေးနွေးခဲ့ကြပါသည်။

(ဃ) ၃-၉-၂၀၁၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာဉာဏ်ဇော်နှင့် ဒေါ်မြမြတို့သည် Myanmar International Television မှ လာရောက်တွေ့ဆုံသည့်

အဖွဲ့အားလက်ခံတွေ့ဆုံခဲ့ပြီး ကော်မရှင်က တိုင်တန်းချက်များ လက်ခံ ဖြေရှင်းဆောင်ရွက်မှု၊ လူ့အခွင့်အရေး လှုပ်ရှားဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် မေးခွန်းများကို ဖြေကြားခဲ့ပါသည်။

(င) ၅-၁၀-၂၀၁၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဦးညွန့်ဆွေ၊ ဒေါက်တာမြင့်ကြည်၊ ဒေါက်တာဉာဏ်ဇော်နှင့် ဦးစိုးဘုန်းမြင့်တို့သည် နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) မှ အတွင်းရေးမှူး ဦးတိတ်နိုင် (ပါ ) ၇ ဦးတို့အား လက်ခံတွေ့ဆုံ၍ အကျဉ်းထောင်ဥပဒေ (မူကြမ်း) ကို ဆွေးနွေးခဲ့ပြီး ၎င်းတို့၏အကြံပြုချက်များကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သို့ တင်ပြခဲ့ပါသည်။

(စ) ၂၃-၁၂-၂၀၁၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာဉာဏ်ဇော်၊ ဒေါ်မြမြ၊ ဒေါက်တာဒေါ်သန်းနွဲ့နှင့် ကော်မရှင်ရုံးဝန်ထမ်း ခြောက်ဦးတို့သည် National Network for Education Reform မှ ဒေါက်တာကျော်သူ၊ Justice Trust မှ Mr. RogerNormand၊ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂအဖွဲ့ချုပ် မှ ကိုအောင်နေပိုင်၊ Letpadan Justice Committee မှ ဦးထွန်းဦးနှင့်ဒေါ်ခင်ခင်ယု တို့အား လက်ခံတွေ့ဆုံခဲ့ပြီး သာယာဝတီအကျဉ်းထောင်ရှိ ဆန္ဒပြကျောင်းသူ၊ ကျောင်းသားများနှင့် ဝန်းရံသူများ၏ ကျန်းမာရေးနှင့်စပ်လျဉ်း၍ လုံလောက်သောဆေးကုသမှုရရှိရေး၊ ၎င်းတို့အား အမြန်ဆုံးလွှတ်ပေးစေရေးနှင့် ကော်မရှင်က ၎င်းတို့နှင့်ပတ်သက်၍ ကောင်းမွန်သော သတင်းထုတ်ပြန်ချက်များ ထုတ်ပေးနိုင်ရေးအတွက် ဆွေးနွေးခဲ့ပါသည်။

**ထိုင်းအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း**

၆၂။ ထိုင်းနိုင်ငံ၊ ခိုတောင်ကျွန်းတွင် ဗြိတိန်နိုင်ငံသားနှစ်ဦးအား သတ်ဖြတ်မှုနှင့်စပ်လျဉ်း၍ သေဒဏ်ချမှတ်ခြင်းခံခဲ့ရသော မြန်မာနိုင်ငံသား မောင်ဇော်လင်းနှင့် မောင်ဝင်းဇော်ထွန်းတို့က အယူခံဝင်ရောက်ရာတွင် ရသင့်ရထိုက်သည့် လူ့အခွင့်အရေးများ ခံစားခွင့်ရရှိရေး၊ တရားမျှတစွာ အဆုံးအဖြတ်ပေးရေး၊ ဥပဒေ၏ကာကွယ်စောင့်ရှောက်မှုကို ခွဲခြားဆက်ဆံမှုမရှိစေဘဲ ခံစားခွင့်ရှိရေးနှင့် ၎င်းတို့၏ အသက်ရှင်သန်ပိုင်ခွင့် ရရှိခံစားနိုင်ရေးတို့အတွက် အတတ်နိုင်ဆုံး ပံ့ပိုးကူညီဆောင်ရွက်ပေးရန် ထိုင်းနိုင်ငံလူ့အခွင့်အရေးကော်မရှင်သို့ ၂၈-၁၂-၂၀၁၅ ရက်နေ့တွင် မေတ္တာရပ်ခံအကြောင်းကြားခဲ့ပါသည်။

၆၃။ ထိုင်းနိုင်ငံ (တောင်ပိုင်း)၊ ရနောင်းမြို့တွင် အသက် ၁၈ နှစ်အရွယ် ကျောင်းသူတစ်ဦးကို သတ်ဖြတ်သည်ဟူသော သံသယဖြင့် မြန်မာနိုင်ငံသား၊ ထားဝယ်မြို့ ဇာတိဖြစ်သူ ညီအစ်ကို ၂ ဦးဖြစ်သော မောင်မိုးဇင်အောင်၊ အသက် ၁၅ နှစ်နှင့် မောင်ကျော်ရဲအောင်၊ အသက် ၁၆ နှစ်တို့ကို ထိုင်းနိုင်ငံ ရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့သည်ဟု ကြားသိရသဖြင့် ၂၀-၁၀-၂၀၁၅ ရက်နေ့တွင် အမှုနှင့်ပတ်သက်သည့် လေ့လာတွေ့ရှိချက်နှင့် အဆိုပါမြန်မာနိုင်ငံသားနှစ်ဦးတို့အား ထိန်းသိမ်းထားစဉ်အတွင်း လူ့အခွင့်အရေး စံနှုန်းများနှင့်အညီ ဆက်ဆံထားရှိရေး၊ ပြစ်မှုကျူးလွန်သည်ဆိုစေကာမူ

အသက် ၁၈ နှစ် မပြည့်သေးသော ကလေးသူငယ်များဖြစ်သည့်အတွက် အပြည်ပြည်ဆိုင်ရာ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ သက်ညှာစွာ တရားစီရင်ရေး တို့အတွက် ကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံစာကို ထိုင်းနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ ၂၇-၁၀-၂၀၁၅ ရက်နေ့တွင် ပေးပို့ခဲ့ပြီး ကော်မရှင် ဝက်ဘ်ဆိုဒ်တွင်လည်း အများ ပြည်သူ သိရှိနိုင်ရန် ၃၀-၁၀-၂၀၁၅ ရက်နေ့က ဖော်ပြခဲ့ပါသည်။

**တိုင်တန်းချက်များ စိစစ်ခြင်းဆိုင်ရာ လက်စွဲရေးဆွဲခြင်း**

၆၄။ အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည်-

(က) ၆-၃-၂၀၁၅ ရက်နေ့မှ ၁၁-၃-၂၀၁၅ ရက်နေ့ထိ ကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ၉ ဦးနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ ဝန်ထမ်း ၇ ဦးတို့သည် Raoul Wallenberg Institute မှ Professor Mr. Peter Hosking နှင့် တွေ့ဆုံပြီး တိုင်တန်းချက်များ စိစစ်ခြင်းဆိုင်ရာ လက်စွဲနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုများ ပြုလုပ် ခဲ့ကြပါသည်။

(ခ) ၁-၁၂-၂၀၁၅ ရက်နေ့မှ ၃-၁၂-၂၀၁၅ ရက်နေ့အထိ ကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ၉ ဦး၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ ဝန်ထမ်း ၁၂ ဦးနှင့် လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေဌာနမှ ဝန်ထမ်း ၃ ဦးတို့သည် Raoul Wallenberg Institute မှ Professor Mr. Peter Hosking နှင့် တွေ့ဆုံပြီး တိုင်တန်းချက်များ စိစစ်ခြင်းဆိုင်ရာ လက်စွဲနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

**သတင်းအချက်အလက်အခြေပြု ကွန်ပျူတာစနစ် တည်ဆောက်ရန်ဆောင်ရွက်ခြင်း**

၆၅။ အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည်-

(က) ၁၄-၇-၂၀၁၅ ရက်နေ့တွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ ကော်မရှင် ရုံးဝန်ထမ်း သုံးဦးနှင့် Myanmar Computer Company (MCC) မှ ရုံး ဝန်ထမ်း နှစ်ဦးတို့သည် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနအတွက် လိုအပ်လျက်ရှိ သော သတင်းအချက်အလက်အခြေပြု ကွန်ပျူတာစနစ် တည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျမည့်ငွေ လျာထားနိုင်ရန် ဆွေးနွေးခဲ့ကြပါသည်။

(ခ) ၁၆-၁၁-၂၀၁၅ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာဉာဏ်ဇော်၊ ဒေါ်မြမြနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ ရုံးဝန်ထမ်း ၁၂ ဦးတို့သည် Myanmar Computer Company (MCC) မှ အမှုဆောင်အရာရှိချုပ် ဦးအောင်စိုးလင်း၊ ရုံးဝန်ထမ်း နှစ်ဦးတို့နှင့် တွေ့ဆုံပြီး တိုင်တန်းချက်များအတွက် သတင်းအချက်အလက်အခြေပြု ကွန်ပျူတာစနစ်တည်ဆောက်ရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါသည်။

## လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကြံပြုချက်များ

၆၆။ သတ်မှတ်ဝင်ဆံ့အင်အားထက်ကျော်လွန်၍ လူဦးရေကြပ်တည်းမှုဖြစ်နေသော အကျဉ်းထောင်များတွင် အိပ်ဆောင်များ တိုးချဲ့တည်ဆောက် ပေးရန်၊ အကျဉ်းထောင်များတွင် လစ်လပ်နေသော လုံခြုံရေးနှင့် ကျန်းမာရေး ဝန်ထမ်းများကို ဖွဲ့စည်းပုံနှင့်အညီ ဖြည့်တင်းခန့်အပ်ရန်နှင့် အကျဉ်းထောင်ဆေးရုံများတွင် ဆေးဝါးများ အလုံအလောက် ရရှိစေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဖြည့်ဆည်းပေးသင့်ပါသည်။

၆၇။ ပြည်နှင်ဒဏ် ချမှတ်ပြီးဖြစ်သော်လည်း လူဝင်မှုကြီးကြပ်ရေးဥပဒေအရ ပြန်လည်ချုပ်နှောင်ထားရသည့် နိုင်ငံခြားသားအကျဉ်းသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးလွှဲပြောင်းပေးရန်နှင့် ၎င်းတို့၏မိသားစုဝင်များနှင့် တယ်လီဖုန်း ဆက်သွယ်ပြောကြားလိုပါက စီစဉ်ပေးသင့်ပါသည်။

၆၈။ အကျဉ်းသားများအနေဖြင့် စိတ်ပိုင်းဆိုင်ရာရောဂါဝေဒနာများ ခံစားရရှိသဖြင့် ၎င်းတို့ကို ကုသရန်နှင့်နှစ်သိမ့်ဆွေးနွေးရန် စိတ်ပညာ တတ်ကျွမ်းနားလည်သူ ကျန်းမာရေးဝန်ထမ်းများထားရှိခန့်အပ်သင့်ပါသည်။

၆၉။ အကျဉ်းသားများကို ဇာတိရပ်ရွာနှင့်ဝေးကွာသော အကျဉ်းထောင်များသို့ ပြောင်းရွှေ့ခြင်း မပြုလုပ်ဘဲ မိသားစု ထောင်ဝင်စာတွေ့ရန် လွယ်ကူသော အကျဉ်းထောင်များတွင်သာ ထိန်းသိမ်းထားသင့်ပါသည်။

၇၀။ အကျဉ်းထောင်များအတွင်း အစာငတ်ခံဆန္ဒပြမှုများနှင့်ပတ်သက်၍ လိုက်နာ ဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာနနှင့် အကျဉ်းဦးစီးဌာနမှ ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်များနှင့်အညီ အစာငတ်ခံဆန္ဒပြသူ၏ကျန်းမာရေးကို အကျဉ်းထောင်ဆရာဝန်သို့မဟုတ် ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်ဆရာဝန်သို့မဟုတ် ယင်းတို့မှ သီးခြားတာဝန်ပေးအပ်ထားသောဆရာဝန်ဖြင့်သာနေ့စဉ်ပုံမှန်စစ်ဆေးခြင်း၊ အချက်အလက်ပြည့်စုံစွာ မှတ်တမ်းရေးသွင်းခြင်း၊ တာဝန်ရှိသူများမှ လိုအပ်ချက်များကို ထောက်ပြညွှန်ကြားခြင်းများ ပြုလုပ်ရန် အကြံပြုအပ်ပါသည်။

၇၁။ တစ်နိုင်ငံလုံးတွင် အသက် ၁၆ နှစ်မှ ၁၈ နှစ်အထိ လူငယ်အကျဉ်းသားများကို ဗဟိုအကျဉ်းထောင် ၃ ခုတွင်သာ လက်ခံထိန်းသိမ်းနိုင်ရာ ပြစ်မှုကျူးလွန်သူ လူငယ်များ များပြားလာခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးစိုက်ရာမြို့များရှိ အကျဉ်းထောင်များတွင် လူငယ်အကျဉ်းသားများကို ထားရှိထိန်းသိမ်းနိုင်ရန် သီးခြားအိပ်ဆောင်များ ဆောက်လုပ်ခြင်း၊ Vocational Traning များ ဖွင့်လှစ်ပေးခြင်းတို့ကို တိုးချဲ့ဆောင်ရွက်ပေးသင့်ပါသည်။

၇၂။ လူမှုဝန်ထမ်း ဦးစီးဌာနမှ လူငယ်သင်တန်းကျောင်းများတွင် စောင့်ရှောက်ခံ လူငယ်များအား မိသားစုနှင့် တွေ့ဆုံရေး၊ စာအဆက်အသွယ် ရရှိရေး၊ ဆောင်ရွက်ပေးရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးဝါးများ လုံလောက်စွာရရှိရေး လိုအပ်သော ဘတ်ဂျက်ကို ခွင့်ပြုပေးရန် အကြံပြုအပ်ပါသည်။

၇၃။ လူ့အခွင့်အရေး ဖောက်ဖျက်မှုများနှင့် စပ်လျဉ်း၍ တိုင်တန်းချက်များအား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် အခြားဌာနများသို့ အကြောင်းကြားလာပါက ကော်မရှင် ဥပဒေပါအတိုင်း ရက်ပေါင်း (၃၀) အတွင်း အကြောင်းပြန်ကြားပေးရန်နှင့် တိုးတက်မှု အခြေအနေများကို ဆက်လက် ပြန်ကြားပေးသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

## နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၇၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး အမှတ်စဉ် (၈/၂၀၁၄) တွင် အောက်ပါ ကော်မရှင် အဖွဲ့ဝင်များအား နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့ပါသည်-

(က) ဦးညွန့်ဆွေ အဖွဲ့ဝင်
(ခ) ဒေါက်တာမြင့်ကြည် အဖွဲ့ဝင်

၇၅။ နိုင်ငံတကာ ဆက်ဆံရေးဌာနတွင် ဒုတိယ ညွှန်ကြားရေးမှူး (၁) ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး (၁) ဦး၊ လူ့အခွင့်အရေးအရာရှိ (၁) ဦး၊ အကြီးတန်းစာရေး (၁) ဦးနှင့် အငယ်တန်းစာရေး (၁) ဦး စုစုပေါင်းဝန်ထမ်း (၅) ဦး တာဝန်ပေးအပ်ထားပါသည်။

၇၆။ နိုင်ငံတကာ ဆက်ဆံရေးဌာနသည် ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်း ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်းများ၊ဒေသဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အခြားသော အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ဝန်ထမ်းများ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအတွက် ပြည်ပသို့ ခရီးထွက်ခွာခြင်း ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ နိုင်ငံခြား သံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်း အသီးသီးရှိ ဌာနေကိုယ်စားလှယ်များ၊ အခြားအဖွဲ့အစည်း အသီးသီးမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံခြင်း ကိစ္စရပ်များနှင့် ပတ်သက်၍ မှတ်တမ်းတင်ခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

### ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (UPR) ၌ ပါဝင်ဆောင်ရွက်ခြင်း

၇၇။ ကုလသမဂ္ဂစနစ်အရ ကမ္ဘာ့နိုင်ငံ အားလုံး၏ လူ့အခွင့်အရေး အခြေအနေကို (၄) နှစ်ခွဲလျှင် တစ်ကြိမ် ပုံမှန် သုံးသပ်လျက်ရှိရာ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေကို ဒုတိယအကျော့ အဖြစ် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် သုံးသပ်မှုခံယူပါသည်။ ကော်မရှင်သည် နိုင်ငံတော်အစိုးရက

ကုလသမဂ္ဂသို့ တင်သွင်းသည့် အစီရင်ခံစာ ပြုစုရေး လုပ်ငန်းစဉ်တွင် လွတ်လပ်မှု အခြေခံဖြင့် ပံ့ပိုးဆောင်ရွက် ပေးခဲ့ပါသည်။ နိုင်ငံတော်အစိုးရက တင်သွင်းမည့် အစီရင်ခံစာတွင် ထည့်သွင်း နိုင်ရန်အတွက် အရပ်ဘက် အဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ ၎င်းတို့၏ အကြံပြုချက်များကို စုစည်း ပြီး အစိုးရပိုင်းမှ အစီရင်ခံစာပြုစုရေး ကော်မတီသို့ ပေးပို့ခဲ့ပါသည်။ ထို့ပြင် ကော်မရှင်သည် မြန်မာနိုင်ငံ၌ လူ့အခွင့်အရေး လေးစားလိုက်နာမှု မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်တို့ကို ထောက်ခံဖော်ပြခဲ့ပြီး ဆောင်ရွက်သင့်သည့် အချက်များကို အကြံပြု ထားသည့် ကော်မရှင်၏ သီးခြားအစီရင်ခံစာကို ကုလသမဂ္ဂသို့ ပေးပို့တင်ပြခဲ့ပါသည်။

**အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF) နှင့် ပူးပေါင်း ဆောင်ရွက်ခြင်း**

၇၈။ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) သည် အရှေ့တောင်အာရှ ဒေသတွင်းရှိ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေ စသည့်နိုင်ငံ (၆) နိုင်ငံမှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖြင့် ဖွဲ့စည်း ထားသော လွတ်လပ်သည့် ဒေသခွဲ လူ့အခွင့်အရေးဖိုရမ်တစ်ရပ် ဖြစ်ပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် ဖိုရမ်၏ တင်းပြည့် အဖွဲ့ဝင် ဖြစ်ပြီးနောက် ဖိုရမ်၏ အစည်းအဝေးများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက် ရှိပါ သည်။

၇၉။ ၂၀၁၅ ခုနှစ်အတွက် SEANF ဉက္ကဋ္ဌ တာဝန်ကို မလေးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ထမ်းဆောင်ခဲ့ပြီး လုပ်ငန်းအဖွဲ့ အစည်းအဝေး နှစ်ကြိမ်နှင့် နှစ်ပတ်လည် အစည်း အဝေး တစ်ကြိမ်တို့ကို အောက်ပါအတိုင်း ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည် -

(က) **SEANF ၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး။** ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ - ၂၉ ရက်နေ့များတွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ကျင်းပပြုလုပ်ခဲ့ပြီး အင်ဒိုနီးရှား၊ တီမောလက်စ်တေ၊ ဖိလစ်ပိုင်၊ ထိုင်း၊ မလေးရှားနိုင်ငံတို့မှ ကိုယ်စားလှယ် အဖွဲ့များနှင့် ကော်မရှင်မှ အဖွဲ့ဝင် ဦးညွန့်ဆွေနှင့် ကော်မရှင်ရုံး လက်ထောက် ညွှန်ကြားရေးမှူး ဦးဇေယျာလင်းတို့ တက်ရောက်ခဲ့ကြပါသည်။ လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် SEANF ၏ အမြဲတမ်း အတွင်းရေးမှူးချုပ်ရုံး ဖွင့်လှစ်ထားရှိမည့် ကိစ္စရပ်ကို အဓိကထား ဆွေးနွေးခဲ့ကြပြီး အာဆီယံ ဒေသတွင်း အဖွဲ့အစည်းများ နှင့် SEANF ၏ အခန်းကဏ္ဍ၊ စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေး မြှင့်တင် ရေး တွင် SEANF ၏ အခန်းကဏ္ဍ၊ သက်ကြီးရွယ်အိုများ အခွင့်အရေးဆိုင်ရာ အခန်း ကဏ္ဍ၊ ပဋိပက္ခဖြစ်ပွားသည့် အခြေအနေများတွင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့ အစည်းများ၏ အခန်းကဏ္ဍနှင့် နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများကို ပြည်တွင်း ဥပဒေများ၌ ထည့်သွင်းပြဋ္ဌာန်းရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာ တွင် SEANF အဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များနှင့် တွေ့ကြုံရသည့် စိန်ခေါ်မှု ဆိုင်ရာ အခန်းကဏ္ဍတို့ကိုလည်း ဆွေးနွေးခဲ့ကြပါသည်။ ယင်း အစည်းအဝေးတွင်

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၅ - ၁၆ ရက်နေ့များတွင် စီးပွားရေး လုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို လည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇-၁၈ ရက်နေ့များတွင် ဒုတိယအကြိမ် လုပ်ငန်း အဖွဲ့ အစည်းအဝေးကိုလည်းကောင်း ကျင်းပပြုလုပ်သွားရန်နှင့် နှစ်ပတ်လည် အစည်းအဝေးကို မလေးရှားနိုင်ငံတွင် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၉-၃၀ ရက်နေ့ များတွင် ကျင်းပ ပြုလုပ်သွားရန် သဘောတူခဲ့ကြပါသည်။

(ခ) **SEANF ၏ စီးပွားရေးလုပ်ငန်းနှင့် လူ့အခွင့်အရေးဘာသာရပ်ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ**။ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၅ - ၁၆ ရက်နေ့များတွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ကျင်းပပြုလုပ်ခဲ့ပြီး အင်ဒိုနီးရှား၊ တီမောလက်စ်တေ၊ ဖိလစ်ပိုင်၊ ထိုင်း၊ မလေးရှားနိုင်ငံတို့မှ ကိုယ်စားလှယ် အဖွဲ့များနှင့် မြန်မာနိုင်ငံမှ ကော်မရှင် အဖွဲ့ဝင် ဦးညွန့်ဆွေနှင့် ကော်မရှင်ရုံး လက်ထောက် ညွှန်ကြားရေးမှူး ဦးဇေယျာလင်း တို့ တက်ရောက်ခဲ့ကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ကုလသမဂ္ဂ လူ့အခွင့် အရေးနှင့် စီးပွားရေးလုပ်ငန်းများဆိုင်ရာ လမ်းညွှန်အခြေခံမူများကို သုံးသပ်ခြင်း၊ အဆိုပါ လမ်းညွှန်အခြေခံမူများကို အကောင်အထည်ဖော် ဆောင်ရွက်မှုအား မြှင့်တင်ရာတွင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍတို့ကို တက်ရောက်လာ သည့် ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပြီး မလေးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ဖိတ်ကြားထားသည့် ဒိန်းမတ်နိုင်ငံ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပုဂ္ဂိုလ် ဖြစ်သည့် Dr. Claire O’Brien က စီးပွားရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ အမျိုးသား အဆင့် လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ရာတွင် အခြေခံရမည့်အချက်များ၊ ဥရောပ နိုင်ငံများရှိ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်မှု အတွေ့ အကြုံများနှင့် ကောင်းမွန်သော ကျင့်သုံးမှု ပုံစံများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

(ဂ) **SEANF ၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး**။ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇- ၁၈ ရက်နေ့များတွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ပြုလုပ်ခဲ့ပြီး အင်ဒိုနီးရှား၊ တီမောလက်စ်တေ၊ ဖိလစ်ပိုင်၊ ထိုင်း၊ မလေးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့များနှင့် ကော်မရှင်မှ အဖွဲ့ဝင် ဦးညွန့်ဆွေနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးဇေယျာလင်း တို့ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် SEANF ၏ အမြဲတမ်း အတွင်း ရေးမှူးချုပ်ရုံး ဖွင့်လှစ်ထားရှိမည့်ကိစ္စအား အဓိကထားဆွေးနွေးခဲ့ပြီး ၎င်းကိစ္စနှင့် စပ်လျဉ်း၍ SEANF ၏ နှစ်ပတ်လည် အစည်းအဝေးတွင် ဆွေးနွေးရန် အချက် တစ်ချက်အဖြစ် ထည့်သွင်းသွားရန် သဘောတူခဲ့ကြပါသည်။ ယင်းအစည်းအဝေး တွင် Developments within ASEAN ကိစ္စ ဆွေးနွေးခြင်း၊ SEANF အဖွဲ့ဝင်များမှ ဘာသာရပ်ဆိုင်ရာ လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်မှု တင်ပြခြင်း၊ အရှေ့တောင်အာရှဒေသအတွင်း လူကုန်ကူးခံရသူများ၊ ခိုလှုံခွင့်တောင်းခံသူများနှင့် ဒုက္ခသည်များ၏အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးတွင် SEANF ၏

အခန်းကဏ္ဍ၊ အရှယ်မရောက်မီ အတင်းအကြပ် လက်ထပ်ထိမ်းမြားပေးခြင်းကို ဖြေရှင်းရာတွင် လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ သေဒဏ် ဖျက်သိမ်းမှု မြှင့်တင်ရာတွင် SEANF ၏ အခန်းကဏ္ဍ၊ လူ့အခွင့်အရေး ကာကွယ်သူများကို အကာအကွယ်ပေးရာတွင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ တို့ကို ဆွေးနွေးခဲ့ကြပါသည်။

(ဃ) **အရှေ့တောင်အာရှဒေသအတွင်း လူကုန်ကူးခံရသူများ၊ ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများ ကိစ္စနှင့် စပ်လျဉ်း၍ ဒေသတွင်းရှိ သက်ဆိုင်ရာ နိုင်ငံ/ အစိုးရအကြီးအကဲများထံ မေတ္တာရပ်ခံစာ ပေးပို့ခြင်း။** အရှေ့တောင်အာရှဒေသအတွင်း လူကုန်ကူးခံရသူများ၊ ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများ ကိစ္စနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာနိုင်ငံအစိုးရများက အပြုသဘောဖြင့် ကိုင်တွယ်ဆောင်ရွက်ပေးရန်အတွက် မလေးရှားနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည့် အရှေ့တောင်အာရှအမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF) အဖွဲ့ဝင်နိုင်ငံအသီးသီး၏ နိုင်ငံ/ အစိုးရ အကြီးအကဲများထံ မေတ္တာရပ်ခံစာ ပေးပို့ရာတွင် SEANF အဖွဲ့ဝင်အနေဖြင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

(င) **SEANF ၏ (၁၂) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး။** ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ - ၃၀ ရက်နေ့များတွင် မလေးရှားနိုင်ငံ၊ ပူထရာဂျာယာမြို့၌ ကျင်းပခဲ့ပြီး ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဦးညွန့်ဆွေတို့ တက်ရောက်ခဲ့ကြပါသည်။ နှစ်ပတ်လည် အစည်းအဝေးကို လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ် ရေးတွင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်းသော ဆွေးနွေးပွဲနှင့် SEANF ၏ (၁၂) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးဟူ၍ (၂) ပိုင်းခွဲ၍ ကျင်းပခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲသို့ SEANF အဖွဲ့ဝင်နိုင်ငံများ၊ အစိုးရဌာနများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများနှင့် မီဒီယာတို့မှ ကိုယ်စားလှယ်များ အပါအဝင် စုစုပေါင်း (၁၀၈) ဦး ပါဝင် တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေး ဒုတိယပိုင်းတွင် SEANF ၏ ရှေ့လုပ်ငန်းစဉ်များ၊ SEANF ၏ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေးကိစ္စ၊ လူ့အခွင့်အရေး ဘာသာရပ်များဖြစ်သည့် လူ့အခွင့်အရေးနှင့် ရာသီဥတု ပြောင်းလဲမှု၊ စီးပွားရေးနှင့် လူ့အခွင့်အရေး၊ အမျိုးသားအဆင့် လူ့အခွင့်အရေး ရှေ့လုပ်ငန်းစဉ်များ၊ ၂၀၁၅ အလွန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ၊ သေဒဏ်ဖျက်သိမ်းရေးကိစ္စနှင့် ဒုက္ခသည်များ၊ ခိုလှုံခွင့်တောင်းခံသူများနှင့် လူကုန်ကူးခံရသူများ၏ အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များစသည်တို့ကို ဆွေးနွေးခဲ့ကြပါသည်။ နှစ်ပတ်လည် အစည်းအဝေးအပြီးတွင် SEANF ဥက္ကဋ္ဌတာဝန်ကို အဖွဲ့ဝင်များက အလှည့်ကျတာဝန် ထမ်းဆောင်သည့်မူအရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌထံသို့

မလေးရှားနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌက လွှဲပြောင်းပေးအပ်ပါသည်။[၅] ထို့ပြင် SEANF အဖွဲ့ဝင်များသည် အကြံပြုချက်များ ပါဝင်သော SEANF ၏ သတင်းထုတ်ပြန်ချက် တစ်စောင်ကို (၂၇) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်း အဝေးအကြိုအဖြစ် ထုတ်ပြန်ခဲ့ကြပါသည်။ ၎င်းထုတ်ပြန်ချက်တွင် အဓိကအားဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးယန္တရားများ၊ အာဆီယံ လူ့အခွင့်အရေး စာချုပ်စာတမ်းများနှင့် ယန္တရားများ၊ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် ယန္တရားများ၊ ပြည်သူ့အခွင့်အရေးနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေး၊ စီးပွားရေးနှင့် လူ့အခွင့်အရေး၊ စီးပွားရေးနှင့် လူမှုရေးအခွင့်အရေးများ၊ ဖယ်ထုတ်ခံရသူများနှင့် ထိခိုက်လွယ်သည့် အုပ်စုများဆိုင်ရာ ကိစ္စရပ်များ၊ ဖွံ့ဖြိုးတိုးတက်ပိုင်ခွင့်နှင့် ၂၀၁၅ အလွန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များနှင့် လူ့အခွင့်အရေးနှင့် ရာသီဥတု ပြောင်းလဲမှုတို့နှင့် သက်ဆိုင်သော အကြံပြုချက်တို့ ပါဝင်ပါသည်။

### အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၈၀။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် APF ၏တွဲဖက်အဖွဲ့ဝင်ဖြစ်သည့် အားလျော်စွာ APF ၏ အကူအညီဖြင့် ၂၀၁၄-၂၀၁၆ ခုနှစ်အတွက် Strategic Plan ကို ၂၀၁၃ ခုနှစ်တွင် ရည်ရွယ်ချက် (၅) ရပ်ဖြင့် ရေးဆွဲချမှတ်ခဲ့ ပြီး ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နှစ်အလိုက် လုပ်ငန်းစီမံချက်များကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ ဆောင်ရွက်ခဲ့ရာတွင် APF မှ ကြီးမှူးကျင်းပခဲ့သော အစည်းအဝေးများသို့လည်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၆-၂၈ ရက်နေ့များတွင် မွန်ဂိုလျားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် အာရှ-ပစိဖိတ်ဖိုရမ် နှစ်ပတ်လည် ညီလာခံသို့ ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဦးခင်မောင်လေး တက်ရောက်ခဲ့ပါသည်။

### အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာညှိနှိုင်းရေးကော်မတီ (ICC) နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း

၈၁။ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာ ညှိနှိုင်းရေး ကော်မတီ (ICC) သည် နိုင်ငံအသီးသီးရှိ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများကို ကုလသမဂ္ဂက ကမကထပြု၍ စုပေါင်းဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ နိုင်ငံအသီးသီး၏ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများမှ အဆင့်သတ်မှတ်ချက် လျှောက်ထားမှုကို ICC ၏ အဆင့်သတ်မှတ်ရေး ဆပ်ကော်မတီမှ လက်ခံ၍ ICC က အဆင့်သတ်မှတ်ပေးပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်

[၅] ၂၀၁၆ ခုနှစ်အတွက် SEANF ဥက္ကဋ္ဌ တာဝန်ကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

အရေး ကော်မရှင်သည် ICC ၏ အဆင့်သတ်မှတ်ရေး ဆပ်ကော်မတီ အစည်းအဝေးတွင် ထည့်သွင်း စဉ်းစားနိုင်ရေးအတွက် ၁-၇-၂၀၁၅ ရက်နေ့တွင် အစီရင်ခံစာ ပြုစုတင်သွင်းခဲ့ပါသည်။

## လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဥပဒေဆိုင်ရာ Raoul Wallenberg Institute (RWI) (ဆွီဒင်) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၈၂။ RWI သည် ကော်မရှင် စတင် ဖွဲ့စည်းတည်ထောင်သည့်အချိန်မှစ၍ ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေး လုပ်ငန်းများတွင် လိုအပ်သည့် ရန်ပုံငွေထောက်ပံ့မှုများကို အစဉ်တစိုက် ပြုလုပ်ပေးခဲ့သည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါသည်။ ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးလုပ်ငန်း၊ ကော်မရှင်နှင့် ကော်မရှင်ရုံး ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ RWI နှင့် ကော်မရှင်တို့ ပူးပေါင်းကာ ၂၀၁၂-၂၀၁၆ လုပ်ငန်းစီမံချက်များ ရေးဆွဲ၍ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ဆွီဒင်နိုင်ငံ၏ Swedish International Development Agency (Sida) ၏ရန်ပုံငွေထောက်ပံ့မှုဖြင့် RWI နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တို့ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုအခါ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးလုပ်ငန်းများနှင့် ပတ်သက်၍ RWI နှင့် ကော်မရှင်တို့ ပူးပေါင်းကာ ၂၀၁၆-၂၀၁၈ လုပ်ငန်းစီမံချက်အား ရေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

## မွန်ဂိုလျားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၈၃။ ကော်မရှင်သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် မွန်ဂိုလျားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးကဏ္ဍတွင် အတွေ့အကြုံနှင့် သတင်းအချက်အလက်များ ဖလှယ်ရေး၊ လူ့အခွင့်အရေး ပညာပေးမှုနည်းလမ်းများ ဖလှယ်ရေး၊ ကော်မရှင်နှစ်ရပ်အကြား ကော်မရှင်ရုံးဝန်ထမ်းများ အပြန်အလှန် လေ့လာရေးခရီးစဉ်များ စေလွှတ်ရေး (Staff exchange programme)၊ ကော်မရှင်နှစ်ရပ်အကြား လူ့အခွင့်အရေး မြှင့်တင်ရေးနှင့်ကာကွယ်ရေးလုပ်ငန်းများတွင်ပိုမို ခိုင်မာစွာ ပူးပေါင်း ဆောင်ရွက်သွားရေးအတွက် နားလည်မှုစာချွန်လွှာ (MOU) တစ်ရပ် လက်မှတ်ရေးထိုးခဲ့ပါသည်။

## ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများအား လက်ခံတွေ့ဆုံခြင်း

၈၄။ ၂၀၁၅ ခုနှစ်အတွင်း ကော်မရှင်သို့ ပြည်တွင်း၊ ပြည်ပမှ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက ကော်မရှင်၏ ဆောင်ရွက်ချက်များကို သိရှိလိုခြင်း၊ ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းလိုခြင်းများကြောင့် အောက်ပါအတိုင်း လာရောက်တွေ့ဆုံခဲ့ကြပါသည်-

(က) **ကုလသမဂ္ဂ အဖွဲ့အစည်းများမှ လာရောက်တွေ့ဆုံခြင်း**

(၁) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြသည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် UNICEF, Myanmar မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၂) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် ကော်မရှင်အဖွဲ့ဝင်များသည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ

ကုလသမဂ္ဂ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၃) ကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်လေးနှင့် ဒေါ်မြမြတို့သည် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် UN Women မှ ကိုယ်စားလှယ်အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၄) ကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်လေးနှင့် ဒေါ်မြမြတို့သည် ၂၀၁၅ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် UN Women မှ ကိုယ်စားလှယ်အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၅) ကော်မရှင် အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းနွဲ့၊ ဦးခင်မောင်လေးနှင့် ဒေါ်မြမြတို့သည် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် UN Women မှ ကိုယ်စားလှယ်အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၆) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် ကော်မရှင်အဖွဲ့ဝင် ဒေါ်မြမြတို့သည် ၂၀၁၅ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် UNCRPD Committee မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၇) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြသည် ၂၀၁၅ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် UNFPA မှ Programme Specialist ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၈) ကော်မရှင် အဖွဲ့ဝင် ဦးညွှန့်ဆွေ၊ ဒေါက်တာဒေါ်သန်းနွဲ့၊ ဒေါ်မြမြနှင့် ဦးခင်မောင်လေးတို့သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် UN Women မှ ကိုယ်စားလှယ်အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၉) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင်များသည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ ကုလသမဂ္ဂ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စယန်ဟီလီအား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၁၀) ကော်မရှင် အဖွဲ့ဝင် ဒေါ်မြမြသည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင် UN Women မှ ကိုယ်စားလှယ်အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၁၁) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ၊ ဦးညွှန့်ဆွေ နှင့် ဦးခင်မောင်လေးတို့သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် UNDP မှ UN Resident and Humanitarian Coordinator အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၁၂) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ၊ အဖွဲ့ဝင် ဦးညွှန့်ဆွေ၊ ဒေါက်တာမြင့်ကြည်နှင့် ဦးခင်မောင်လေးတို့သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် OHCHR မှ Senior HRs Officer အား လက်ခံ တွေ့ဆုံခဲ့ပါသည်။

(၁၃) ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းနွဲ့၊ ဒေါက်တာ ဉာဏ်ဇော်နှင့် ဒေါ်မြမြ တို့အား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် UNAIDS မှ Policy Officer ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံ တွေ့ဆုံခဲ့ပါသည်။

(၁၄) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ၊ အဖွဲ့ဝင် ဦးညွန့်ဆွေနှင့် ဒေါ်မြမြတို့သည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာ မင်းကြီးရုံးမှ Senior HR Officer ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၁၅) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ၊ အဖွဲ့ဝင် ဦးညွန့်ဆွေ၊ ဒေါက်တာ မြင့်ကြည်နှင့် ဦးခင်မောင်လေးတို့သည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကုလ သမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ Senior HR Officer ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံ တွေ့ဆုံခဲ့ပါသည်။

(ခ) **နိုင်ငံတကာမှ အဖွဲ့အစည်းများက လာရောက်တွေ့ဆုံခြင်း**

(၁) ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဦးညွန့်ဆွေ၊ ဦးခင်မောင်လေးတို့သည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် JICA မှ မြန်မာကိုယ်စားလှယ် အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၂) ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းနွဲ့နှင့် ဦးစိုးဘုန်းမြင့်တို့သည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် Danish Institute for Human Rights (DIHR) မှ ကိုယ်စားလှယ်အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၃) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြသည် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် Friedrich Naumann Foundation (FNF) မှ ကိုယ်စားလှယ်များအား လက်ခံ တွေ့ဆုံခဲ့ပါသည်။

(၄) ကော်မရှင် အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းနွဲ့သည် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် Danish Institute for Human Rights (DIHR) မှ Senior Advisor နှင့် Myanmar Centre for Responsible Business (MCRB) မှ Program & Outreach Manager တို့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၅) ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ၊ အဖွဲ့ဝင်ဦးညွန့်ဆွေနှင့် ဒေါက်တာဒေါ်သန်းနွဲ့ တို့သည် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင် Danish Institute for Human Rights (DIHR) မှ Senior Advisor အား လက်ခံ တွေ့ဆုံခဲ့ပါသည်။

(၆) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ၊ အဖွဲ့ဝင် ဦးညွန့်ဆွေ၊ ဦးဇော်ဝင်း၊ ဒေါ်မြမြတို့ သည် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ဆွီဒင်နိုင်ငံ၊ Raoul Wallenberg Institute (RWI) မှ Ms. Sue Anne Teo အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၇) ကော်မရှင် အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်သည် ၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် International Commission of Jurist (ICJ) မှ International Legal Adviser

Myanmar ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၈) ကော်မရှင် အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်သည် ၂၀၁၅ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင် Norwegian Centre for Human Rights, University of Oslo မှ International Programme Officer အား လက်ခံ တွေ့ဆုံခဲ့ပါသည်။

(၉) ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ၊ အဖွဲ့ဝင် ဦးခင်မောင်လေး၊ ဦးဇော်ဝင်း၊ ဦးစိုးဘုန်းမြင့်နှင့် ဒေါ်မြမြတို့သည် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့တွင် Amnesty International မှ Deputy Director အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၁၀) ကော်မရှင် အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းနွဲ့၊ ဒေါ်မြမြနှင့် ဦးစိုးဘုန်းမြင့်တို့သည် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် International Commission of Jurist (ICJ) Legal Researcher, Myanmar ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၁၁) ကော်မရှင်ရုံး ဝန်ထမ်းများသည် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် ကိုရီးယားနိုင်ငံ လူ့အခွင့်အရေး ကော်မရှင် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၁၂) ကော်ရှင်ဥက္ကဋ္ဌ ဦးဝင်းမြ၊ အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်နှင့် ဒေါ်မြမြတို့သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် Indonesia Centre for Strategic and International Studies (CSIS) မှ Senior Researcher အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၁၃) ကော်မရှင် အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းနွဲ့ နှင့် ဒေါ်မြမြတို့သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ဩစတြေးလျနိုင်ငံ၊ MONASH University မှ Professor အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၁၄) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်တို့သည် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် APHR မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၁၅) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ၊ အဖွဲ့ဝင် ဦးညွန့်ဆွေတို့သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် RWI မှ Ms. Sue Ane Teo (Coordinator) အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၁၆) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ၊ အဖွဲ့ဝင် ဒေါက်တာ မြင့်ကြည်၊ ဦးခင်မောင်လေးနှင့် ဦးစိုးဘုန်းမြင့်တို့သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် indevelop အဖွဲ့အစည်းမှ Project Manager များအား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၁၇) ကော်မရှင် အဖွဲ့ဝင် ဦးညွန့်ဆွေသည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် Luthern World Federation မှ ကိုယ်စားလှယ်အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၁၈) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြသည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် South and Southeast Asia Coorespondent Bureau အကြီးအကဲ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၁၉) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင်များသည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် Forum-ASIA မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

(၂၀) ကော်မရှင် အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်သည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် NUS, Singapore မှ Assistant Professor အား လက်ခံတွေ့ဆုံခဲ့ ပါသည်။

## (ဂ) နိုင်ငံခြား သံတမန်များက လာရောက်တွေ့ဆုံခြင်း

(၁) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်တို့သည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် ဖိလစ်ပိုင်သံရုံး ယာယီတာဝန်ခံအား လက်ခံ တွေ့ဆုံခဲ့ပါသည်။

(၂) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဒေါက်တာ မြင့်ကြည်တို့သည် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ဩစတြေးလျ သံအမတ်ကြီးခေါင်းဆောင် သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၃) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်တို့သည် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် အစ္စရေးသံအမတ်ကြီးအား လက်ခံတွေ့ဆုံခဲ့ ပါသည်။

(၄) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြသည် ၂၀၁၅ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ဘရာဇီးလ် သံအမတ်ကြီးအား လက်ခံတွေ့ဆုံခဲ့ ပါသည်။

(၅) ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ၊ အဖွဲ့ဝင် ဦးညွန့်ဆွေ၊ ဦးခင်မောင်လေးနှင့် ဒေါ်မြမြ တို့သည် ၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် French Ambassador at large for Human Rights ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံ တွေ့ဆုံခဲ့ပါသည်။

(၆) ကော်မရှင် အဖွဲ့ဝင် ဦးညွန့်ဆွေသည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် ဩစတြေးလျားသံရုံးမှ Deputy Head of Mission နှင့် Senior Policy Officer အား လက်ခံတွေ့ဆုံခဲ့ ပါသည်။

(၇) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြသည် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့ တွင် အစ္စရေးသံအမတ်ကြီးအား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၈) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဒေါက်တာ မြင့်ကြည်တို့သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် နယူးဇီလန်သံရုံး ကိုယ်စားလှယ်နှင့် နယ်သာလန်သံရုံးကိုယ်စားလှယ်တို့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၉) ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ၊ အဖွဲ့ဝင်ဦးညွန့်ဆွေ၊ ဒေါက်တာမြင့်ကြည်တို့သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ဘရာဇီးသံအမတ်ကြီးအား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၁၀) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ၊ အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်တို့သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် EU Legal Network မှ ဥပဒေအကြံပေးအား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၁၁) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဦးခင်မောင်လေးတို့သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ Minister Conselor အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၁၂) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြသည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ပြင်သစ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၁၃) ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြသည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် နယူးဇီလန်သံရုံး ကိုယ်စားလှယ်နှင့် နယ်သာလန် သံရုံးကိုယ်စားလှယ်တို့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(ဃ) **ပြည်တွင်း အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း**

(၁) ကော်မရှင် အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်သည် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် Yangon Justice Centre မှ Office Manager ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၂) ကော်မရှင် အဖွဲ့ဝင် ဦးယုလွင်အောင်သည် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံ မသန်စွမ်းသူများ ကောင်စီမှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၃) ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းနှင့် ဒေါ်မြမြတို့သည် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ချင်းလူ့အခွင့်အရေးအဖွဲ့မှ Country Programme Coordinator ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၄) ကော်ရှင်ဥက္ကဋ္ဌ ဦးဝင်းမြ၊ အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော်၊ ဒေါ်မြမြနှင့် ဦးစိုးဘုန်းမြင့်တို့သည် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ကရင် လူ့အခွင့်အရေးအဖွဲ့မှ ကိုယ်စားလှယ်များအား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၅) ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာ ဒေါ်သန်းနွဲ့တို့သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် Emerging Market Consulting (EMC) မှ Senior Consultant နှင့် အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

(၆) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဦးယုလွင်အောင်တို့သည် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်၊ နိုင်ငံရေးသိပ္ပံ ကျောင်းသား၊ ကျောင်းသူများအား လက်ခံတွေ့ဆုံပြီး လူ့အခွင့်အရေး အကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

(၇) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဦးခင်မောင်လေးတို့သည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် BG Group မှ Business Manager ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံ တွေ့ဆုံခဲ့ပါသည်။

(င) **ပြည်တွင်း၊ ပြည်ပ မီဒီယာများနှင့် တွေ့ဆုံခြင်း**

(၁) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြသည် ၂၀၁၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် The Voice Journal မှ သတင်းထောက်အား လက်ခံတွေ့ဆုံ၍ မေးမြန်းချက်များကို ဖြေကြားခဲ့ပါသည်။

(၂) ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြသည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် Al Jazeera English Media မှ သတင်းထောက်အား လက်ခံတွေ့ဆုံ၍ မေးမြန်းချက် များကို ဖြေကြားခဲ့ပါသည်။

## ကော်မရှင်အဖွဲ့ဝင်များ ပြည်ပဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ခြင်း

၈၅။ ကော်မရှင်သည် ပြည်ပအဖွဲ့အစည်းများမှ ဖိတ်ကြားသည့် အစည်းအဝေးများ၊ ဆွေးနွေးပွဲများနှင့် သင်တန်းများသို့ တက်ရောက်ခြင်း၊ အခြားသော လူ့အခွင့်အရေး ကော်မရှင်များ၊ အဖွဲ့အစည်းများသို့ သွားရောက်လေ့လာခြင်းဖြင့် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ခြင်းတို့နှင့် ပတ်သက်သည့် အတွေ့အကြုံများ ရရှိစေပြီး ကောင်းမွန်သည့် စံနမူနာများလည်း ရရှိစေပါသည်။ ၂၀၁၅ ခုနှစ်အတွင်းတွင် အောက်ဖော်ပြပါ နိုင်ငံများသို့ သွားရောက်၍ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများအား ပါဝင်တက်ရောက်ခဲ့ပါသည်-

(က) ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄-၅ ရက်နေ့များတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် Business & Human Rights Consultation Session and the ASEAN Next-Gen CSR Forum သို့ ကော်မရှင် အဖွဲ့ဝင် ဦးစိုးဘုန်းမြင့် တက်ရောက်ခြင်း၊

(ခ) ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှ ၂၇ ရက်နေ့အထိ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် APF-UNDP Workshop on the role of NHRIs in promoting and protecting the rights of LGBTI in Asia-Pacific သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော် တက်ရောက်ခြင်း၊

(ဂ) ၂၀၁၅ ခုနှစ်၊ မတ်လ ၂ ရက်နေ့မှ ၈ ရက်နေ့အထိ ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ (၂၈) ကြိမ်မြောက် အစည်းအဝေးသို့ ကော်မရှင် အဖွဲ့ဝင် ဦးညွန့်ဆွေ တက်ရောက်ခြင်း၊

(ဃ) ၂၀၁၅ ခုနှစ်၊ မတ်လ ၉-၁၀ ရက်နေ့များတွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် Evaluation and Planning Meeting with Southeast Asian NHRIs အစည်းအဝေးသို့ ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဦးခင်မောင်လေးတို့ တက်ရောက်ခြင်း၊

(င) ၂၀၁၅ ခုနှစ်၊ မတ်လ ၉ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင် ဆွီဒင်နိုင်ငံသို့ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ လေ့လာရေးခရီး သွားရောက်ခဲ့ခြင်း၊

(စ) ၂၀၁၅ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် Regional Consultation workshop on Strengthening AICHR's Protection Mandate by Exploring Strategies to Protect Women and Girls from Violence in ASEAN သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းနွဲ့ တက်ရောက်ခြင်း၊

(ဆ) ၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ - ၂၅ ရက်နေ့များတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် Rights Conference သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဉာဏ်ဇော် တက်ရောက်ခြင်း၊

(ဇ) ၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့မှ ၁၀ ရက်နေ့အထိ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် Workshop on Business, Human Rights and the Environment for South East Asian National Human Rights Institutions သို့ ကော်မရှင် အဖွဲ့ဝင် ဒေါက်တာ ဒေါ်သန်းနွဲ့၊ ဦးစိုးဘုန်းမြင့်တို့နှင့်အတူ ကော်မရှင်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်ဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးသူရကျော်တို့ တက်ရောက်ခြင်း၊

(ဈ) ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့မှ ၁၉ ရက်နေ့အထိ ဂျပန်နိုင်ငံ၊ Nagoya University တွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းနွဲ့ သွားရောက်၍ Human Rights Law in Myanmar သင်ခန်းစာ ပို့ချခြင်း၊

(ည) ၂၀၁၅ ခုနှစ်၊ မေလ ၁၁ ရက်နေ့မှ ၂၉ ရက်နေ့အထိ ဆွီဒင်နိုင်ငံတွင် ကျင်းပခဲ့သည့် ITP 282, UNSCR 1325, Women Peace and Security Training Programme Myanmar သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်နှင့် ကော်မရှင်ရုံးမှ ဒုတိယ လူ့အခွင့်အရေးဦးစီးမှူး ဒေါ်မီမီစန်းအောင်တို့ တက်ရောက်ခြင်း၊

(ဋ) ၂၀၁၅ ခုနှစ်၊ မေလ ၂၇ -၂၈ ရက်နေ့များတွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် Embassy of Sweden's Regional Workshop; Partner in Rights Promoting Regional Environmental Sustainability and Human Rights through innovative Relationship between Business, Civil Society and Government သို့ ကော်မရှင် အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းနွဲ့ တက်ရောက်ခြင်း၊

(ဌ) ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၀-၁၁ ရက်နေ့များတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် Workshop on the Prevention of Torture သို့ ကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့် တက်ရောက်ခဲ့ခြင်း၊

(ဍ) ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၄-၁၅ ရက်နေ့များတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့ သည့် Workshop on Development of ASEAN Legal Instruments on Human

Rights သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းနွဲ့နှင့် ဦးစိုးဘုန်းမြင့်တို့ တက်ရောက်ခဲ့ခြင်း၊

(ဎ) ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှ အောက်တိုဘာလ ၁ ရက်နေ့အထိ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် Conference on Freedom of Religion or Belief in Southeast Asia သို့ ကော်မရှင် အဖွဲ့ဝင် ဒေါ်မြမြ တက်ရောက်ခဲ့ခြင်း၊

(ဏ) ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကိုရီးယားနိုင်ငံတွင် ကျင်းပခဲ့သော NHRIs Special Session on the Rights of Older Persons သို့ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင် တက်ရောက်ခဲ့ခြင်း၊

(တ) ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သော ASEAN Responsible Business Forum သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်သန်းနွဲ့ တက်ရောက်ခဲ့ခြင်း၊

(ထ) ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၅ - ၆ ရက်နေ့များတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သော 5th Regional Meeting on Human Rights and Agribusines in South East Asia သို့ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်နှင့် ဒေါက်တာဒေါ်သန်းနွဲ့တို့ တက်ရောက်ခဲ့ခြင်း၊

(ဒ) ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၅ - ၆ ရက်နေ့များတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သော AICHR-SOMTC Joint Workshop on Human Rights-based Approach to combact Trafficking in Persons, Especially Women and Children သို့ ကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်လေး တက်ရောက်ခဲ့ခြင်း၊

(ဓ) ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့မှ ၂၇ ရက်နေ့အထိ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော Blended Learning Course on Human Rights and the Environment 2015 သို့ ကော်မရှင်အဖွဲ့ဝင် ဦးဇော်ဝင်းနှင့် ဦးညွန့်ဆွေတို့ တက်ရောက်ခဲ့ခြင်း၊

(န) ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော AICHR Regional Dialogue on the Mainstreming of the Rights of Persons with Disabilities in the ASEAN Community and the Bangkok Human Rights Dialogue: Impacts from ASEAN Integration on Children သို့ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင် တက်ရောက်ခဲ့ခြင်း။

**ကော်မရှင်ရုံးဝန်ထမ်းများ ပြည်ပဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများ တက်ရောက်ခြင်း**

၈၆။ ကော်မရှင်ရုံး ဝန်ထမ်းများအား ၂၀၁၅ ခုနှစ်အတွင်းတွင် အောက်ဖော်ပြပါ သင်တန်းများသို့ ပါဝင်တက်ရောက်စေခဲ့ပါသည်-

(က) ၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် Regional Conference on the Equal Status and Human Rights of Women in Southeast Asia သို့ ကော်မရှင်ရုံးမှ ဒုတိယ လူ့အခွင့်အရေး ဦးစီးမှူး ဒေါ်ထက်ထက်အောင်၊ ဒုတိယ လူ့အခွင့်အရေးဦးစီးမှူး ဒေါ်မီမီစန်းအောင်နှင့် အကြီးတန်းစာရေး ဒေါ်ရွှေရည်စံတို့ တက်ရောက်ခဲ့ခြင်း၊

(ခ) ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အထိ ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပခဲ့သော Pilot Regional Blended Learning Course on Investigation and Documenting Torture သို့ ကော်မရှင်ရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူး တက်ရောက်ခဲ့ခြင်း၊

(ဂ) ၂၀၁၅ ခုနှစ်၊ မေလ ၄ ရက်နေ့မှ ၈ ရက်နေ့အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကျင်းပခဲ့သော Pilot Blended Learning Course on UN Declaration on the Rights of indigenous people သို့ ကော်မရှင်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာ ခိုင်ခိုင်ဝင်း တက်ရောက်ခဲ့ခြင်း၊

(ဃ) ၂၀၁၅ ခုနှစ်၊ မေလ ၄ ရက်နေ့မှ ၈ ရက်နေ့အထိ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော Workshop on Business and Human Rights သို့ ကော်မရှင်ရုံးမှ အကြီးတန်း စာရေး ဒေါ်စုစုလှိုင် တက်ရောက်ခဲ့ခြင်း၊

(င) နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ၂၀၁၅ ခုနှစ်၊ မေလ ၁၈ ရက်နေ့မှ ၂၃ ရက်နေ့အထိ မွန်ဂိုလျားနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့သည့် ခရီးစဉ်တွင် ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးဘုန်းကြွယ် လိုက်ပါခဲ့ခြင်း၊

(စ) ၂၀၁၅ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သော Conference for Human Rights Libraries in South & Southeast Asia (2015) သို့ ကော်မရှင်ရုံးမှ လက်ထောက်စာကြည့်တိုက်မှူး ဦးစောဟယ်ရီစယ်နှင့် အကြီးတန်းစာရေး ဦးရဲထက်ကိုတို့ တက်ရောက်ခဲ့ခြင်း၊

(ဆ) ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှ ၂၄ ရက်နေ့အထိ ကိုရီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် Human Rights Policy Development (Myanmar) သို့ ကော်မရှင်ရုံးမှ ဝန်ထမ်း (၁၅) ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ခြင်း။

**နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ သုံးသပ် အကြံပြုချက်များ**

၈၇။ နိုင်ငံတကာ၌ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ကြရာတွင် နိုင်ငံတကာ လူ့အခွင့်အရေး "စံ" နှင့်အညီ မိမိတို့နိုင်ငံအတွင်း၌ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးသည် အဓိကကျသည့် လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။ သို့ဖြစ်၍ လူ့အခွင့်အရေး နယ်ပယ်တွင် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အခြားနိုင်ငံများ၏ အကောင်းဆုံး လုပ်နည်းလုပ်ဟန်များကို လေ့လာ၍ မိမိတို့ နိုင်ငံအတွင်း၌ ကျင့်သုံးဆောင်ရွက်ခြင်းနှင့် မိမိတို့

နိုင်ငံ၏ အပြုသဘောဆောင်ရွက်ချက်များကို နိုင်ငံတကာက သိရှိစေရန် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ ပုံရိပ်မြင့်မားစေခြင်းတို့သည် နိုင်ငံတကာဆက်ဆံရေးလုပ်ငန်း၏ အဓိကလုပ်ငန်းများ ဖြစ်ကြပါသည်။

၈၈။ ကော်မရှင်သည် ဖွဲ့စည်းတည်ထောင်မှု သက်တမ်း ရလာသည်နှင့်အမျှ နိုင်ငံတကာဆက်ဆံရေး နယ်ပယ်ကျယ်ဝန်းလာပြီး နိုင်ငံတကာ အသိအမှတ်ပြုမှုလည်း တစ်စုံတစ်ရာသော အတိုင်းအတာအထိ ရရှိလာပါသည်။ ကော်မရှင်သည် စတင်ဖွဲ့စည်းစဉ်က အရှေ့တောင်အာရှ ဒေသခွဲ အဖွဲ့အစည်းဖြစ်သည့် SEANF တွင် ပါဝင်ပြီး ထိုမှတစ်ဆင့် အာရှ ပစိဖိတ်ဒေသ အဖွဲ့အစည်းဖြစ်သည့် APF တွင် ပါဝင်ဆောင်ရွက်လာခဲ့ရာ ၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂက ကမကထပြု၍ ဖွဲ့စည်းထားသည့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာ ညှိနှိုင်းရေးကော်မတီ (ICC) တွင် ပါဝင်ဆောင်ရွက်နိုင်ရန် လျှောက်ထားပြီး ဖြစ်ပါသည်။

၈၉။ ၂၀၁၅ ခုနှစ်အတွင်း၌ ကော်မရှင်သည် ကုလသမဂ္ဂနှင့် ဆက်သွယ်ဆောင်ရွက်သော လုပ်ငန်းစဉ် တစ်ရပ်ဖြစ်သည့် ကမ္ဘာ့နိုင်ငံ အားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် UPR လုပ်ငန်းစဉ်တွင် ကော်မရှင် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်အစိုးရအား လွတ်လပ်မှုအခြေခံဖြင့် ပံ့ပိုးဆောင်ရွက်နိုင်ခဲ့ပါသည်။ အလားတူပင် နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ အဓိကစာချုပ်များ အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကော်မတီအသီးသီးသို့ အစီရင်ခံစာ တင်သွင်းရာတွင်လည်း ကော်မရှင်က လွတ်လပ်မှု အခြေခံဖြင့် အကြံပြု ပံ့ပိုးဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

၉၀။ အချုပ်အားဖြင့်ဆိုရပါလျှင် နိုင်ငံတော် အစိုးရပိုင်းအနေဖြင့် ကော်မရှင်၏ လွတ်လပ်မှုအခြေခံဖြင့် တင်ပြသော အကြံပြုချက်များကို အလေးထားစဉ်းစားပေးပါရန် အကြံပြုအပ်ပါသည်။

## စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

**၉၁။ ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်း**

(က) ကော်မရှင် ဥက္ကဋ္ဌဦးစီးသည့် ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်-

| | | |
|---|---|---|
| (၁) | ဦးဝင်းမြ | ဥက္ကဋ္ဌ |
| (၂) | ဦးစစ်မြိုင် | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးယုလွင်အောင် | အဖွဲ့ဝင် |
| (၄) | ဦးညွန့်ဆွေ | အဖွဲ့ဝင် |
| (၅) | ဦးဘုန်းကြွယ် | ခေတ္တညွှန်ကြားရေးမှူးချုပ် |

(ခ) ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် ကော်မရှင်ရုံး လုပ်ငန်းတာဝန်များကို ညွှန်ကြားရေးမှူး (စီမံ) အား ခေတ္တညွှန်ကြားရေးမှူးချုပ် တာဝန်ပေးအပ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**စီမံရေးရာ ကိစ္စရပ်များ**

၉၂။ ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီသည် ၂၀၁၅ ခုနှစ်အတွင်း အစည်းအဝေး (၁၅) ကြိမ် ပြုလုပ်ပြီး စီမံခန့်ခွဲရေး ကိစ္စရပ်များနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ပါသည်။ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစီးသော စီမံရေးရာဌာနရှိ ညွှန်ကြားရေးမှူး (၁) ဦး၊ လက်ထောက် ညွှန်ကြားရေးမှူး (၂) ဦး၊ လူ့အခွင့်အရေးအရာရှိ (၂) ဦး၊ ဒုတိယလူ့အခွင့်အရေးဦးစီးမှူး (၁) ဦး၊ အကြီးတန်းစာရေး (၂) ဦး၊ အငယ်တန်းစာရေး (၅) ဦး စုစုပေါင်းဝန်ထမ်း (၁၃) ဦးတို့ကို တာဝန်ပေးအပ်ထားပါသည်။

၉၃။ ၂၀၁၅ ခုနှစ်အတွင်း ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး (၁၂) ကြိမ်နှင့် ကော်မရှင် မျက်နှာစုံညီ အထူး အစည်းအဝေး (၇) ကြိမ် ပြုလုပ်ခဲ့ပါသည်-

(က) **ကော်မရှင် မျက်နှာစုံညီ အစည်းအဝေးများ (ပုံမှန်)**

| | | | |
|---|---|---|---|
| (၁) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၁/၂၀၁၅) | ၂၆-၁-၂၀၁၅ |
| (၂) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၂/၂၀၁၅) | ၂၇-၂-၂၀၁၅ |
| (၃) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၃/၂၀၁၅) | ၂၆-၃-၂၀၁၅ |
| (၄) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၄/၂၀၁၅) | ၃၀-၄-၂၀၁၅ |
| (၅) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၅/၂၀၁၅) | ၂၅-၅-၂၀၁၅ |
| (၆) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၆/၂၀၁၅) | ၃၀-၆-၂၀၁၅ |
| (၇) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၇/၂၀၁၅) | ၂၈-၇-၂၀၁၅ |
| (၈) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၈/၂၀၁၅) | ၂၀-၈-၂၀၁၅ |
| (၉) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၉/၂၀၁၅) | ၁၁-၉-၂၀၁၅ |
| (၁၀) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၁၀/၂၀၁၅) | ၁၉-၁၀-၂၀၁၅ |
| (၁၁) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၁၁/၂၀၁၅) | ၁၉-၁၁-၂၀၁၅ |
| (၁၂) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၁၂/၂၀၁၅) | ၁၈-၁၂-၂၀၁၅ |

(ခ) **ကော်မရှင် မျက်နှာစုံညီ အထူးအစည်းအဝေး**

| | | | |
|---|---|---|---|
| (၁) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၁/၂၀၁၅) | ၁၁-၅-၂၀၁၅ |
| (၂) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၂/၂၀၁၅) | ၁၅-၅-၂၀၁၅ |
| (၃) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၃/၂၀၁၅) | ၂-၆-၂၀၁၅ |
| (၄) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၄/၂၀၁၅) | ၂၀-၇-၂၀၁၅ |
| (၅) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၅/၂၀၁၅) | ၂၉-၇-၂၀၁၅ |

(၆) မျက်နှာစုံညီ အထူးအစည်းအဝေး (၆/၂၀၁၅) ၇-၈-၂၀၁၅

(၇) မျက်နှာစုံညီ အထူးအစည်းအဝေး (၇/၂၀၁၅) ၂၆-၁၀-၂၀၁၅

**ဝန်ထမ်းရေးရာ ကိစ္စရပ်များ**

၉၄။ ကော်မရှင်ဥပဒေ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) အရ ကော်မရှင်ရုံးတွင် ခန့်ထားသော ဝန်ထမ်း အင်အားမှာ ၂၀၁၄ ခုနှစ်ကုန်အထိ (၄၂) ဦးရှိပြီး ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လူ့အခွင့်အရေး အရာရှိ (၁) ဦး၊ မတ်လတွင် ညွှန်ကြားရေးမှူး (၁) ဦး၊ ရုံးအကူ (၁) ဦးနှင့် ဥယျာဉ်လုပ်သား (၁) ဦးတို့ကို ကော်မရှင်မှ တာဝန်ပေးသော ရွေးချယ်ရေးအဖွဲ့ဝင်များက ယှဉ်ပြိုင်ရွေးချယ်သည့် စနစ်ဖြင့် စိစစ်ရွေးချယ်ကာ ခန့်အပ်ခဲ့ပါသည်။

၉၅။ အလားတူ မေလတွင် လူ့အခွင့်အရေးအရာရှိ (၂) ဦး၊ အငယ်တန်းစာရေး (၁၁) ဦးနှင့် ယာဉ်မောင်း (၁) ဦး၊ ဇွန်လတွင် ယာဉ်မောင်း (၁) ဦးနှင့် ဇူလိုင်လတွင် ရုံးအကူ (၂) ဦးတို့ကို ကော်မရှင်မှ တာဝန်ပေးသော ရွေးချယ်ရေးအဖွဲ့ဝင်များက ယှဉ်ပြိုင်ရွေးချယ်သည့် စနစ်ဖြင့် ခန့်အပ်ခဲ့ ပြီး ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် မသန်စွမ်း (Disable) အငယ်တန်းစာရေး (၁) ဦး ခန့်အပ်ခဲ့သောကြောင့် ၂၀၁၅ ခုနှစ်အတွင်း ကော်မရှင်၏ သန္ဓေဝန်ထမ်း စုစုပေါင်း (၂၂) ဦး ခန့်ထားခဲ့ပါသည်။

၉၆။ ကော်မရှင်ရုံး တွဲဖက်ဝန်ထမ်းများအဖြစ် ကော်မရှင် စတင်ဖွဲ့စည်းစဉ်ကတည်းက တွဲဖက် ပေးထားသော ပြည်ထဲရေးဝန်ကြီးဌာနမှ အရာထမ်း (၁) ဦးနှင့် အမှုထမ်း (၁) စုစုပေါင်း (၂) ဦး တို့ကို ဆက်လက်ခန့်ထား တာဝန်ပေးလျက်ရှိပါသည်။ ထို့နောက် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် အငယ်တန်းစာရေး (၁) ဦး၊ မတ်လတွင် ညွှန်ကြားရေးမှူး (၁) ဦး၊ ဧပြီလတွင် ဒုတိယညွှန်ကြား ရေးမှူး ၁ ဦး၊ စက်တင်ဘာလတွင် လက်ထောက်ညွှန်ကြားရေးမှူး (၁) ဦးနှင့် ဒီဇင်ဘာလတွင် ယာဉ်မောင်းအဆင့် (၃) (၁) ဦးတို့မှာ မိသားစု ကျန်းမာရေး အခြေအနေများကြောင့် အလုပ်မှ နုတ်ထွက်သွားကြသဖြင့် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလကုန်တွင် သန္ဓေဝန်ထမ်းဦးရေ စုစုပေါင်း (၅၉) ဦးနှင့် တွဲဖက်ဝန်ထမ်း (၂) ဦး စုစုပေါင်းဝန်ထမ်း (၆၁) ဦးဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၉၇။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အကြီးတန်းစာရေးဝန်ထမ်း (၁) ဦးအား ဒုတိယ လူ့အခွင့် အရေးဦးစီးမှူး ရာထူးသို့လည်းကောင်း၊ အငယ်တန်းစာရေး (၉) ဦးအား အကြီးတန်းစာရေး ရာထူးသို့လည်းကောင်း တိုးမြှင့်ခန့်ထားခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဧပြီလတွင် အကြီးတန်းစာရေး (၂) ဦး အား ဒုတိယလူ့အခွင့်အရေးဦးစီးမှူး ရာထူးသို့လည်းကောင်း၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် ဒုတိယညွှန်ကြားရေးမှူး (၁) ဦးအား ညွှန်ကြားရေးမှူး ရာထူးသို့လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး (၃) ဦးအား ဒုတိယ ညွှန်ကြားရေးမှူး ရာထူးသို့လည်းကောင်း၊ လူ့အခွင့်အရေးအရာရှိ (၃) ဦးအား လက်ထောက်ညွှန်ကြားရေးမှူး ရာထူးသို့လည်းကောင်း၊ လက်ထောက်စာကြည့်တိုက်မှူး (၁) ဦးအား စာကြည့်တိုက်မှူးရာထူး သို့လည်းကောင်း၊ ဒုတိယလူ့အခွင့်အရေးဦးစီးမှူး (၄) ဦးအား လူ့အခွင့်အရေးအရာရှိ ရာထူးများ သို့လည်းကောင်း ရာထူးတိုးမြှင့်ခန့်အပ်ခဲ့ပါသည်။

၉၈။ ဇဟိုဝန်ထမ်းတက္ကသိုလ် ဖောင်ကြီးတွင် နိုဝင်ဘာလ၌ ဖွင့်လှစ်သည့် အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၅၁) သို့ ဒုတိယညွှန်ကြားရေးမှူး (၁) ဦး တက်ရောက် အောင်မြင်ခဲ့ပြီး ဒီဇင်ဘာလ၌ ဖွင့်လှစ်သည့် အရာထမ်းငယ် အခြေခံသင်တန်း အမှတ်စဉ် (၆၃) သို့ ဒုတိယလူ့အခွင့်အရေးဦးစီးမှူး (၁) ဦးနှင့် စာရေးသင်တန်း အမှတ်စဉ် (၁၄၉) သို့ အကြီးတန်း စာရေး (၂) ဦး တက်ရောက်လျက်ရှိပါသည်။

၉၉။ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ကော်မရှင်ရုံးရှိ ခန့်ထားပြီး သန္ဓေဝန်ထမ်း၊ တွဲဖက်ဝန်ထမ်း အဆင့်လိုက်အင်အားမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ရာထူး | သန္ဓေ | တွဲဖက် | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ညွှန်ကြားရေးမှူး | ၂ | - | ၂ | |
| ၂ | ဒုတိယညွှန်ကြားရေးမှူး | ၄ | - | ၄ | |
| ၃ | လက်ထောက်ညွှန်ကြားရေးမှူး | ၅ | ၁ | ၆ | ပြည်ထဲရေးမှတွဲ |
| ၄ | လူ့အခွင့်အရေးအရာရှိ | ၉ | - | ၉ | |
| ၅ | စာကြည့်တိုက်မှူး | ၁ | - | ၁ | |
| ၆ | ဒုတိယလူ့အခွင့်အရေးဦးစီးမှူး | ၄ | - | ၄ | |
| ၇ | အကြီးတန်းစာရေး | ၉ | ၁ | ၁၀ | ပြည်ထဲရေးမှတွဲ |
| ၈ | အငယ်တန်းစာရေး | ၁၂ | - | ၁၂ | |
| ၉ | ယာဉ်မောင်း (၃) | ၄ | - | ၄ | |
| ၁၀ | ရုံးအကူ | ၅ | - | ၅ | |
| ၁၁ | သန့်ရှင်းရေး | ၁ | - | ၁ | |
| ၁၂ | အစောင့် | ၂ | - | ၂ | |
| ၁၃ | ဥယျာဉ်လုပ်သား | ၁ | - | ၁ | |
| | စုစုပေါင်း | ၅၉ | ၂ | ၆၁ | |

**ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ**

၁၀၀။ ကော်မရှင်၏ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြုစုနေစဉ် ကာလအတွင်း ဘဏ္ဍာရေးနှစ်အလိုက် အသုံးစရိတ်များကို တစ်နှစ်အတွက် လျာထားချက် ကြိုတင်ခန့်မှန်း ရေးဆွဲပြီး နိုင်ငံတော်သမ္မတရုံးသို့ တင်ပြ၍ (၃) လတစ်ကြိမ် တင်ပြတောင်းခံ သုံးစွဲလျက်ရှိပါသည်။ အဆိုပါ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အတည်ပြု ထုတ်ပြန်ပြီးပါက လုပ်ထုံးလုပ်နည်း ပါသတ်မှတ်ချက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၀၁။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ကော်မရှင်၏ ထောက်ပံ့အသုံးစရိတ်များကို (၃) လ တစ်ကြိမ် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြတောင်းခံသုံးစွဲခဲ့ရာ ကော်မရှင်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေ အသုံးစရိတ်များဖြစ်သည့် ၂၀၁၄ ခုနှစ်၊ ဧပြီလမှ ၂၀၁၅ ခုနှစ်၊ မတ်လအထိ အသုံးစရိတ်များကို ရန်ကုန်တိုင်း စာရင်းစစ်ချုပ်ရုံးမှ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအတွင်းက စစ်ဆေးခဲ့ပြီး ဖြစ်ပါသည်။ စစ်ဆေးတွေ့ရှိချက်များအပေါ် ကော်မရှင်ရုံး၏ ဆောင်ရွက်ပြီးစီးမှုများကို ရန်ကုန်တိုင်း စာရင်းစစ်ချုပ်ရုံးသို့ တစ်လအတွင်း ပြန်ကြားခဲ့ပြီး နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးတို့သို့လည်း ပြန်ကြားတင်ပြခဲ့ပြီး ဖြစ်ပါသည်။ (၃) လပတ်အလိုက် ခွင့်ပြုငွေ၊ သုံးစွဲငွေနှင့် လက်ကျန်ငွေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | လအမည် | ခွင့်ပြုငွေ | သုံးစွဲငွေ | လက်ကျန်ငွေ |
|---|---|---|---|---|
| (က) | ဇန်၊ ဖေ၊ မတ် | ၁၃၆,၅၇၃,၀၀၀ | ၁၃၆,၁၃၉,၈၉၃ | ၄၃၃,၁၀၇ |
| (ခ) | ဧပြီ၊ မေ၊ ဇွန် | ၁၆၂,၆၄၀,၃၄၀ | ၁၆၀,၁၇၈,၇၃၀ | ၂,၄၆၁,၆၁၀ |
| (ဂ) | ဇူ၊ ဩ၊ စက် | ၁၉၁,၈၁၉,၃၅၀ | ၁၇၉,၄၅၁,၂၂၇ | ၁၂,၃၆၈,၁၂၃ |
| (ဃ) | အောက်၊ နို၊ ဒီ | ၁၇၅,၃၅၃,၀၀၀ | ၁၇၃,၅၉၄,၇၃၃ | ၁,၇၅၈,၂၆၇ |
| | စုစုပေါင်း | ၆၆၆,၃၈၅,၆၉၀ | ၆၄၉,၃၆၄,၅၈၃ | ၁၇,၀၂၁,၁၀၇ |

## လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း

၁၀၂။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) အရ မိမိ၏ လုပ်ပိုင်ခွင့်များကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိခြင်း၊ ပုဒ်မခွဲ (ခ) အရ ငွေကြေးစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိခြင်း၊ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) အရ ဝန်ထမ်းဖွဲ့စည်းပုံတစ်ရပ် ရေးဆွဲပြီး လိုအပ်သော အရာထမ်းများနှင့် အမှုထမ်းများ ခန့်ထားခွင့်ရှိခြင်း၊ ပုဒ်မခွဲ (ခ) အရ ကော်မရှင်၏ ဝန်ထမ်းရေးရာကိစ္စများနှင့် စပ်လျဉ်းသည့် စည်းမျဉ်းစည်းကမ်းများ၊ ခံစားခွင့်များကို သတ်မှတ်ခွင့်ရှိခြင်း၊ ပုဒ်မ ၇၀ အရ လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်ခြင်း စသည့်ပြဋ္ဌာန်းချက်များအရ လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းတစ်ရပ်၏ အခြေခံမူများကိုလည်း ထည့်သွင်းစဉ်းစား၍ ကော်မရှင်၏ ဝန်ထမ်းရေးရာကိစ္စများနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများ[၆] နှင့် ငွေကြေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများကို ရေးဆွဲခဲ့ပါသည်။

၁၀၃။ ကော်မရှင်၏ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်း ရေးဆွဲရာတွင် (မူကြမ်း) ကို ရေးဆွဲပြုစု၍ ဘဏ္ဍာရေး ဝန်ကြီးဌာနနှင့် စာရင်းစစ်ချုပ်ရုံးတို့မှ ကျွမ်းကျင်သူများကို ဖိတ်ခေါ်ကာ ၁၅-၅-၂၀၁၅ ရက်နေ့တွင် ကော်မရှင်ရုံး၌ ညှိနှိုင်းအစည်းအဝေးတစ်ရပ် ပြုလုပ်ပြီး အစည်းအဝေးတက်ရောက်လာသော ကျွမ်းကျင်သူများ၏ အကြံပြုချက်များအတိုင်း ကော်မရှင်၏ ဥပဒေနှင့်အညီ ပြင်ဆင်

---

[၆] **မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ဝန်ထမ်းရေးရာ ကိစ္စများနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်း** ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ပြီး ဖြစ်ပါသည်။

ရေးဆွဲခဲ့ပါသည်။ ထိုကဲ့သို့ ရေးဆွဲပြုစုပြီးသော **"မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ငွေကြေးဆိုင်ရာလုပ်ထုံးလုပ်နည်း"** ကို လိုအပ်သော သဘောထားမှတ်ချက် ပေးနိုင်ပါရန် ဘဏ္ဍာရေး ဝန်ကြီးဌာနသို့ ပေးပို့ခဲ့ရာ ဘဏ္ဍာရေးဝန်ကြီးဌာနမှ အကြံပြုပြင်ဆင်ချက် (၁၅) ချက်ပါ သဘောထား မှတ်ချက်များနှင့်အတူ ပြန်ကြားခဲ့ပါသည်။

၁၀၄။ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြင်ဆင်အကြံပြုချက်များသည် ကော်မရှင် ဥပဒေပုဒ်မ ၂၄ တွင် ပြဋ္ဌာန်းထားသည်နှင့်အညီ ကော်မရှင်၏ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ကို ထိပါးခြင်းမရှိကြောင်း တွေ့ရှိရသဖြင့် အကြံပြုချက်များအတိုင်း ကော်မရှင်၏ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းကို ပြင်ဆင်၍ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ထပ်မံပေးပို့ခဲ့ပါသည်။ ပြင်ဆင်ပြီး ထပ်မံပေးပို့ခြင်းအပေါ် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သီးခြားသဘောထား မှတ်ချက်ပြုရန် မရှိပါကြောင်း ပြန်ကြားစာကို လက်ခံရရှိခဲ့ပါသည်။ [၇]

၁၀၅။ ရေးဆွဲပြီးသော ကော်မရှင်၏ ငွေကြေးလုပ်ထုံးလုပ်နည်း အပိုဒ် ၅ တွင် ဖော်ပြထားသည့် အတိုင်း ကော်မရှင်၏ ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် သုံးစွဲမည့် ထောက်ပံ့ရန်ပုံငွေကို လွှတ်တော်သို့ တင်ပြတောင်းခံခြင်းနှင့် အပိုဒ် ၆ တွင် ပါရှိသည့် ထောက်ပံ့ရန်ပုံငွေ ရေးဆွဲတင်ပြ တောင်းခံခြင်း အခြေခံအချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားရှိပြီး ဖြစ်ပါသည်။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကော်မရှင်၏ ထောက်ပံ့ရန်ပုံငွေ တင်ပြတောင်းခံခြင်း

၁၀၆။ နိုင်ငံတော်သမ္မတရုံး၏ သဘောတူညီချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကော်မရှင်၏ ထောက်ပံ့ရန်ပုံငွေအား ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် လွှတ်တော်သို့ တင်ပြတောင်းခံနိုင်ရေး အတွက် ၉-၁၁-၂၀၁၅ ရက်နေ့တွင် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းအကြောင်းကြားခဲ့ပါသည်။ ယင်းအကြောင်းကြားချက်အရ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာ လင်းအောင်၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းတို့ ဦးဆောင်ပြီး ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြား ရေးမှူးချုပ်များ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်သောအဖွဲ့နှင့် ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင် ဦးဆောင်သော အဖွဲ့သည် ၁၇-၁၁-၂၀၁၅ ရက်နေ့တွင် နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန၌ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

၁၀၇။ ညှိနှိုင်းအစည်းအဝေးပြုလုပ် ဆုံးဖြတ်ချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ထောက်ပံ့ ရန်ပုံငွေအား ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များကဲ့သို့ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေတိုက် ဦးစီးဌာန အောက်မှတစ်ဆင့် ဘဏ္ဍာရေး ဝန်ကြီးဌာနက ၂၄-၁၂-၂၀၁၅ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၇/၂၀၁၅) သို့ တင်ပြခဲ့ရာ သဘောတူညီချက် ရရှိပြီး ဖြစ်ပါသည်။

---

[၇] **မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ငွေကြေးလုပ်ထုံးလုပ်နည်း** ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ပြန်ပြီး ဖြစ်ပါသည်။

၁၀၈။ သို့ဖြစ်ပါ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ကော်မရှင်၏ ထောက်ပံ့ရန်ပုံငွေအား ကော်မရှင် ဥပဒေနှင့်အညီလည်းကောင်း၊ နိုင်ငံတကာ ကျင့်သုံးမှုများနှင့်အညီလည်းကောင်း ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်အဆင့်ဆင့်သို့ တင်ပြအတည်ပြုချက် ရရှိရေး ဘဏ္ဍာရေး ဝန်ကြီးဌာနမှတစ်ဆင့် ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

## ကော်မရှင် ဝန်ထမ်းများအတွက် အငြိမ်းစားပင်စင်စီမံချက် ရေးဆွဲခြင်း

၁၀၉။ လူ့အခွင့်အရေး ကော်မရှင်ရုံး ဝန်ထမ်းများ၏ ဘဝနောင်ရေး အာမခံချက် ရရှိစေရေး အတွက် အငြိမ်းစားပင်စင် ခံစားခွင့်စနစ်တစ်ရပ် ထူထောင်ရန်လိုအပ်သည့်အလျောက် ပင်စင် စီမံချက်ကို ရေးဆွဲနိုင်ရန် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလက ရေးဆွဲခဲ့သော ငွေကြေးဆိုင်ရာ လုပ်ထုံး လုပ်နည်းတွင် အငြိမ်းစားပင်စင်စနစ်ကို ထည့်သွင်းရေးဆွဲခဲ့ပါသည်။ ထို့နောက် ၁၅-၅-၂၀၁၅ ရက် နေ့တွင် ကျင်းပသော ကော်မရှင် ဒုတိယဥက္ကဋ္ဌ အပါအဝင် ကော်မရှင်အဖွဲ့ဝင် ခုနှစ်ဦး၊ ဘဏ္ဍာရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် တစ်ဦး၊ ညွှန်ကြားရေးမှူးနှစ်ဦး၊ စာရင်းစစ်ချုပ်ရုံးမှ ညွှန်ကြားရေးမှူး တစ်ဦး၊ ဒုတိယညွှန်ကြားရေးမှူး နှစ်ဦးတို့ တက်ရောက်သော ကော်မရှင်၏ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်း ရေးဆွဲပြုစုရေး ညှိနှိုင်းအစည်းအဝေးတွင် သဘောတူညီချက် အရ လုပ်ထုံးလုပ်နည်း အပိုဒ် ၆၊ အပိုဒ်ခွဲငယ် (ဆ) တွင် ကော်မရှင် ဝန်ထမ်းများအတွက် ပင်စင် ရန်ပုံငွေ ထည့်ဝင်ကြေးကို ထောက်ပံ့ရန်ပုံငွေတွင် ထည့်သွင်းတွက်ချက် ရေးဆွဲတောင်းခံရမည်ဟု ထည့်သွင်းဖော်ပြခဲ့ပါသည်။

၁၁၀။ ၎င်းနောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့ရန်ပုံငွေ တင်ပြတောင်းခံရာ တွင် ကော်မရှင် ဝန်ထမ်းများအတွက် ပင်စင်ထည့်ဝင်ငွေကို တစ်လလျှင် ၅.၂ သိန်းနှုန်းဖြင့် စုစုပေါင်း ၆၂.၄ သိန်း ထည့်သွင်းတွက်ချက် တောင်းခံခဲ့ရာ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဆက်လက် ထောက်ခံတင်ပြခဲ့ပြီး ၂၄-၁၂-၂၀၁၅ ရက်နေ့တွင် ကျင်းပသော အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် ၂၇/၂၀၁၅ မှ ဖြတ်တောက်မှုမရှိဘဲ ခွင့်ပြုခဲ့ပါသည်။

၁၁၁။ သို့ဖြစ်ပါ၍ ကော်မရှင် ဝန်ထမ်းများအတွက် ပင်စင် စီမံချက်ကို ဆက်လက် ရေးဆွဲပြီး ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် ၁၅/၂၀၁၅ သို့ တင်ပြခဲ့ရာ အစည်းအဝေး ဆုံးဖြတ်ချက် အပိုဒ် ၁၀၊ အပိုဒ်ခွဲငယ် (င) တွင် ပင်စင်စီမံချက်ကို သက်ဆိုင်ရာ အဆင့်ဆင့်သို့ တင်ပြသဘောတူညီချက် ရယူပြီး ဆက်လက်ဆောင်ရွက်ရန်ဟု ဆုံးဖြတ်ခဲ့ပါသည်။ [၈]

## ကော်မရှင် ဝန်ထမ်းများအား လူမှုဖူလုံရေးစနစ်သို့ ဝင်ရောက်ရန် ဆောင်ရွက်ခြင်း

၁၁၂။ လူမှုဖူလုံရေး စီမံကိန်းသည် အစိုးရဝန်ထမ်းများ အပါအဝင် အလုပ်သမားထု တစ်ရပ်လုံး၏ မမာမကျန်းမှု၊ မီးဖွားမှု၊ လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုစသည့် လူမှုဒုက္ခများ ကြုံတွေ့

[၈] ကော်မရှင်ရုံးဝန်ထမ်းများ၏ အငြိမ်းစားပင်စင်စီမံချက်အား ၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် သက်ဆိုင်ရာဌာနအသီးသီးသို့ တင်ပြခြင်း၊ ဖြန့်ဝေခြင်းများ ပြုလုပ်ပြီး ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာ ရေးနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လာရချိန်တွင် အခက်အခဲ မရှိစေရေးအတွက် ၁၉၅၆ ခုနှစ်ကတည်းက မြန်မာနိုင်ငံတွင် စတင် အကောင်အထည် ဖော်ခဲ့သော စီမံကိန်းတစ်ရပ် ဖြစ်ပါသည်။ ILO ၏မူအရ လူမှုဖူလုံရေး စီမံကိန်း သည် လူ့အခွင့်အရေး တစ်ရပ်အဖြစ် လူအများခံစားခွင့် ရရှိစေရမည်ဟူသော အဆိုအရ ကော်မရှင် ရုံး ဝန်ထမ်းများကိုလည်း လူမှုဖူလုံရေး အကျိုးခံစားခွင့်များကို ခံစားခွင့် ရရှိရေးအတွက် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် ဝန်ထမ်းများအား ဆန္ဒသဘောထား မေးမြန်းခဲ့ပါသည်။

၁၁၃။ ဝန်ထမ်းများ၏ သဘောတူ ဆန္ဒပြုချက်အရ ၃-၃-၂၀၁၅ ရက်နေ့တွင် ကျင်းပသော အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၅) သို့ တင်ပြဆွေးနွေးခဲ့ရာ ဆုံးဖြတ်ချက် ၆ (ဃ) အရ "ဝန်ထမ်းများအတွက် အကျိုးရှိသော ကိစ္စရပ်ဖြစ်သဖြင့် ထောက်ပံ့ ရန်ပုံငွေမှ လူမှုဖူလုံရေး ထည့်ဝင်ကြေးကို ဝန်ထမ်းများအတွက် ပေးသွင်းခွင့်ကို နိုင်ငံတော်သမ္မတ ရုံးသို့ တင်ပြဆောင်ရွက်သွားရန်" ဟု ဆုံးဖြတ်ခဲ့ပါသည်။

၁၁၄။ ကော်မရှင်ရုံးဝန်ထမ်းများ၏ လူမှုဖူလုံရေး အကျိုးခံစားခွင့်ရရှိရေးအတွက် ကော်မရှင်၏ ထောက်ပံ့ရန်ပုံငွေမှ ပေးသွင်းရမည့်ငွေ ၃% ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ စတင်၍ ထည့်သွင်း တောင်းခံ ခွင့်ပြုပါရန် နိုင်ငံတော်သမ္မတရုံးသို့ ထည့်ဝင်ရမည့်ငွေ အသေးစိတ် တွက်ချက်မှုနှင့်အတူ ၃-၃-၂၀၁၅ ရက်နေ့တွင် ပေးပို့တင်ပြခဲ့ရာ နိုင်ငံတော်သမ္မရုံးမှ ခွင့်ပြုခဲ့သဖြင့် ၂၀၁၅ ခုနှစ်၊ မေလမှ စတင်၍ ကော်မရှင်ရုံးဝန်ထမ်းအားလုံး လူမှုဖူလုံရေး စီမံကိန်းသို့ စတင် ဝင်ရောက်ခဲ့ပါသည်။

## စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ အကြံပြုချက်များ

၁၁၅။ ကော်မရှင်ရုံးတွင် ဖွဲ့စည်းပုံ ခွင့်ပြုချက်အရ အရာထမ်း ၆၀ ဦး၊ အမှုထမ်း ၁၀၇ ဦး၊ စုစုပေါင်း ၁၆၇ ဦး ရှိသော်လည်း၊ ရုံးနေရာထိုင်ခင်း မလုံလောက်သဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ အင်အားမှာ အရာထမ်း ၂၂ ဦး၊ အမှုထမ်း ၃၉ ဦး၊ စုစုပေါင်း ၆၁ ဦးသာ ရှိပါသည်။ ညွှန်ကြားရေးမှူး ၅ ဦး ရှိရမည်ဖြစ်သော်လည်း ၂ ဦးသာ ရှိပါသည်။ ဒုတိယညွှန်ကြားရေးမှူး ၆ ဦး ရှိရမည်ဖြစ်သော်လည်း ၄ ဦးသာ ရှိပါသည်။ လက်ထောက်ညွှန်ကြားရေးမှူး ၁၂ ဦး ရှိရမည် ဖြစ်သော်လည်း ၇ ဦးသာ ရှိပါသည်။ ဦးစီးအရာရှိ ၃၅ ဦး ရှိရမည်ဖြစ်သော်လည်း ၉ ဦးသာ ရှိပါ သည်။ ဒုတိယဦးစီးမှူး ၂၃ ဦးရှိရမည်ဖြစ်သော်လည်း ၃ ဦးသာ ရှိပါသည်။ အကြီးတန်းစာရေးနှင့် အငယ်တန်းစာရေး ၂၉ ဦး ရှိရမည်ဖြစ်သော်လည်း ၂၁ ဦးသာ ရှိပါသည်။ လစ်လပ်နေသော အင်အား များကို ဖြည့်ဆည်းခန့်ထားလိုသော်လည်း ရုံးနေရာ လုံလောက်မှုမရှိသည့်အတွက် ရှိသည့်အင်အား ဖြင့်သာ ဆောင်ရွက်နေကြရပါသည်။

၁၁၆။ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့က ကော်မရှင်သစ်ကို ဖွဲ့စည်းပြီး နောက်ပိုင်းတွင် ကော်မရှင်အပေါ် ပြည်တွင်းမှလည်းကောင်း၊ နိုင်ငံတကာမှလည်းကောင်း လူ့အခွင့်အရေးကို ပိုမို တိုးတက်ဆောင်ရွက်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်ချက်များ ရှိလာသည့်အလျှောက် ကော်မရှင် ၏ လူ့အခွင့်အရေး အသိပညာပေးရေးနှင့် မြှင့်တင်ရေးလုပ်ငန်းများ၊ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများမှာလည်း ပိုမိုများပြားလာပါသည်။ ၂၀၁၄ ခုနှစ်က ပြည်နယ်များသို့ အလုပ်ရုံ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ မြို့နယ်များသို့ လူ့အခွင့်အရေး ဟောပြောပွဲ များ ပြုလုပ်ခြင်းများကိုသာ ဆောင်ရွက်ခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် အထက်ပါ လုပ်ငန်းများအပြင်

ရပ်ရွာအခြေပြု အလုပ်ရုံ ဆွေးနွေးပွဲများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ လူ့အခွင့်အရေး ဟောပြောပွဲများ၊ နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်နှင့် ဗဟိုဝန်ထမ်း တက္ကသိုလ်များသို့ သွားရောက်၍ လူ့အခွင့်အရေး သင်ခန်းစာများ ပို့ချခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ [၉]

၁၁၇။ ယင်းကဲ့သို့ လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေသော်လည်း စီမံရေးရာနှင့် ဘဏ္ဍာရေး ဌာနတွင် အင်အား ၈၃ ဦး ခန့်ထားရမည့်အစား ၂၆ ဦးသာ ရှိပါသည်။ လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့်ဥပဒေဌာနတွင် ၁၆ ဦး ခန့်ထားရမည်ဖြစ်သော်လည်း ၅ ဦးသာ ရှိပါသည်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ဌာနတွင် ၃၈ ဦး ခန့်ထားရမည်ဖြစ်သော်လည်း ၁၃ ဦးသာ ရှိပါသည်။ နိုင်ငံတကာ ဆက်ဆံရေးဌာနတွင် ၁၄ ဦး ခန့်ထားရမည်ဖြစ်သော်လည်း ၅ ဦးသာ ရှိပါသည်။ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဌာနတွင် ၁၆ ဦး ခန့်ထားရမည် ဖြစ်သော်လည်း ၁၂ ဦးသာ ရှိပါသည်။

၁၁၈။ သို့ဖြစ်၍ ဝန်ထမ်းများကို အင်အား ပြည့်မီစေရန် ခန့်ထားလိုသော်လည်း ရုံးနေရာ မလုံလောက်မှုကြောင့် ကန့်သတ်ချက်များရှိနေပါသည်။ လက်ရှိ အခြေအနေတွင် အခြား ရုံး/ သင်တန်းများဖြစ်သော MDRI နှင့် CSIS တို့နှင့် ခြံဝင်းတစ်ခုထဲတွင် တာဝန်ထမ်းဆောင်နေကြရ ခြင်းကြောင့် နေရာကြပ်တည်းမှု ရှိသည့်အပြင် လူဝင်လူထွက် များပြားရှုပ်ထွေးမှု၊ လုံခြုံရေးအရ စိစစ်ရန် ခက်ခဲမှုများကြောင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးအား လက်ရှိ ခြံဝင်းနေရာ တစ်ခုလုံးရှိ အဆောက်အဦ အားလုံးကို အသုံးပြုခွင့်ပေးခြင်းဖြစ်စေ၊ လက်ရှိ ခြံဝင်း အတွင်းရှိ လွတ်နေသော မြေနေရာတွင် အဆောက်အဦ တိုးချဲ့ဆောက်လုပ် ခွင့်ပြုပေးခြင်းဖြစ်စေ ဆောင်ရွက်သင့်ပါကြောင်း အကြံပြု တင်ပြအပ်ပါသည်။

၁၁၉။ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကော်မရှင်၏ လုပ်ငန်းများကို တစ်နိုင်ငံလုံး လွှမ်းခြုံ၍ ပိုမို လျင်မြန်သွက်လက်ပြီး ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နေပြည် တော် ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် အခြား သင့်လျော်ရာ ပြည်နယ်တစ်ခု စုစုပေါင်း (၃) နေရာတွင် ရုံးခွဲ (၃) ခုကို ကော်မရှင်ရုံးခွဲ (၁) ခုလျှင် ဦးစီးအရာရှိ (၁) ဦး၊ အကြီးတန်းစာရေး (၁) ဦး၊ အငယ်တန်းစာရေး (၁) ဦး ဖွဲ့စည်းပုံဖြင့် ဖွင့်လှစ်နိုင်ရေး ခွင့်ပြုချက် ရရှိပြီးဖြစ်ရာ အဆိုပါ နယ်မြေအသီးသီးတွင် ကော်မရှင်ရုံးခွဲ အဆောက်အဦရရှိရေးနှင့် အုပ်ချုပ်ထောက်ပံ့ ကိစ္စရပ်များ အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက် ပေးသင့်ပါသည်။

---

[၉] ၂၀၁၆ ခုနှစ်တွင် အထက်ပါ လုပ်ငန်းများအပြင် စစ်ဦးစီးတက္ကသိုလ်၊ တပ်ရင်းမှူးသင်တန်းနှင့် တပ်ခွဲမှူး သင်တန်း တက်ရောက်နေသော တပ်မတော် အရာရှိများသို့ လူ့အခွင့်အရေးဆိုင်ရာ အသိပညာများကို သွားရောက်ဟောပြော ပို့ချလျက် ရှိပါသည်။ ထို့အပြင် တပ်မတော် စစ်တိုင်းဌာနချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လုံခြုံရေး ရဲကွပ်ကဲမှု အဖွဲ့မှူးရုံးများသို့ သွားရောက်၍ လူ့အခွင့်အရေးဆိုင်ရာ အသိပညာများကို ပို့ချရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက်များ

၁၂၀။ ကော်မရှင်၏ အောက်ပါ သတင်းထုတ်ပြန်ချက်များကို ကော်မရှင် ဝက်ဘ်ဆိုဒ် www.mnhrc.org.mm တွင်လည်းကောင်း၊ သတင်းမီဒီယာများတွင်လည်းကောင်း ရေးသား ဖော်ပြခဲ့ပါသည်-

(က) ၂၂-၁၂-၂၀၁၄ ရက်နေ့၊ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အဓိကရုဏ်းဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရ သေဆုံးမှုများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှု သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၁၅)

(ခ) လောက်ကိုင်ဒေသ လက်နက်ကိုင် ပဋိပက္ခများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်အမှတ် (၂/၂၀၁၅)

(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ဗဟို အကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေးခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက် (၃/၂၀၁၅)

(ဃ) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်း ပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်နှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်အမှတ် (၄/၂၀၁၅)

(င) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့များတွင် တည်ရှိသော အကျဉ်းထောင်နှင့် ရဲအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်အမှတ် (၅/၂၀၁၅)

(စ) ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး သေဆုံးမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်အမှတ် (၆/၂၀၁၅)

(ဆ) ရှမ်းပြည်နယ်၊ မိုင်းဆတ်မြို့တွင်တည်ရှိသော အကျဉ်းထောင်အား ကြည့်ရှု စစ်ဆေးခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်အမှတ် (၇/၂၀၁၅)

(ဇ) မန္တလေးမြို့၊ နောင်ချိုမြို့၊ သီပေါမြို့နှင့် လားရှိုးမြို့များရှိ အကျဉ်းထောင်များနှင့် အလုပ်စခန်းများအား ကြည့်ရှုစစ်ဆေးခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်အမှတ် (၈/၂၀၁၅)

(ဈ) သာယာဝတီ အကျဉ်းထောင်တွင် ထိန်းသိမ်းထားရှိသော ဆန္ဒပြကျောင်းသူ၊ ကျောင်းသားများ၊ ဝန်းရံသူများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်အမှတ် (၉/၂၀၁၅)

(ည) စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် ဆုံးဖြတ်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သတင်းထုတ်ပြန်ချက်အမှတ် (၁၀/ ၂၀၁၅) (အင်္ဂလိပ်ဘာသာဖြင့်)

(ဋ) မန္တလေးတိုင်းဒေသကြီး၊ ရတနာပုံတက္ကသိုလ်မှ ဖမ်းဆီးထိန်းသိမ်းခြင်းခံရသော ဆန္ဒပြကျောင်းသား ၄ ဦးက စာမေးပွဲဖြေဆိုရန်အတွက် အချုပ်လွတ်ထုချေခွင့် အာမခံ လျှောက်ထားသည့် ကိစ္စနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်အမှတ် (၁၁/၂၀၁၅)

(ဌ) ၁၀-၃-၂၀၁၅ ရက်နေ့တွင် လက်ပံတန်းမြို့၌ အမျိုးသားပညာရေးဥပဒေ ပြင်ဆင်ပေးရေးအတွက် ဆန္ဒပြသော သပိတ်စစ်ကြောင်းအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖမ်းဆီးထိန်းသိမ်းခဲ့မှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်အမှတ် (၁၂/၂၀၁၅)

(ဍ) တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း သတင်းထုတ်ပြန်ချက်အမှတ် (၁၃/ ၂၀၁၅)

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နှင့် မြိတ်မြို့များတွင် တည်ရှိသော အကျဉ်းထောင်နှင့် ရဲအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက် (၁၄/၂၀၁၅)

(ဏ) နိုင်ငံရေး အကျဉ်းသားများ၊ ထိန်းသိမ်းခံ ကျောင်းသူ၊ ကျောင်းသားများနှင့် ဝန်းရံပြည်သူများကို ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးရေး သတင်းထုတ်ပြန်ချက်အမှတ် (၁၅/ ၂၀၁၅)

(တ) ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သော နိုင်ငံတကာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် သတင်းထုတ်ပြန်ချက်အမှတ် (၁၆/ ၂၀၁၇)

(ထ) မြင်းခြံအကျဉ်းထောင်အတွင်း အစာငတ်ခံ ဆန္ဒပြသူများအပေါ် ပြုမူဆက်ဆံပုံနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်အမှတ် (၁၇/၂၀၁၅)

(ဒ) အရွယ်မရောက်သေးသော အိမ်အကူ မိန်းကလေးငယ် မသန်းသန်းအိအား ညှဉ်းပန်းနှိပ်စက်မှုနှင့်ပတ်သက်၍ ဆောင်ရွက်ချက်သတင်း

(ဓ) အိမ်ရှင်ဖြစ်သူမှ အိမ်အကူ မအေးအေးမွေးအား ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ပတ်သက်သည့်သတင်း

## နိဂုံး

၁၂၀။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး လေးစားလိုက်နာမှု ပိုမိုရရှိစေရန်၊ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကာကွယ်မှု ပိုမိုရရှိစေရန်နှင့် လူ့အခွင့်အရေး ဖြည့်ဆည်းပေးမှုများကို ပိုမိုဆောင်ရွက်နိုင်စေရန်အတွက် လူ့အခွင့်အရေး မူဝါဒနှင့် ဥပဒေဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် လေ့ကျင့်ပညာပေးရေးဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာအတွင်းရှိ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်း ဆောင်ရွက်ခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ကော်မရှင် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအပ်ပါသည်။

နောက်ဆက်တွဲ (က)

## ၂၀၁၅ ခုနှစ်အတွင်း ပြည်တွင်းမှ လက်ခံရရှိခဲ့သော တိုင်တန်းချက်များအား အမှုအမျိုးအစားနှင့် နယ်မြေအလိုက် ခွဲခြားထားရှိမှုစာရင်း

| စဉ် | အမှုအမည် | ရန်ကုန် | မန္တလေး | ဧရာဝတီ | ပဲခူး | စစ်ကိုင်း | မကွေး | ရှမ်း | မွန် | ရခိုင် | နပတ | ကချင် | ကရင် | တနင်္သာရီ | ချင်း | ကယား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | မြေအငြင်းပွားမှု | ၁၂၃ | ၁၇၀ | ၆၀ | ၅၆ | ၄၁ | ၃၇ | ၃၀ | ၂၀ | ၂၉ | ၂၄ | ၁၅ | ၈ | ၁၀ | ၃ | ၀ | ၆၂၆ |
| ၂ | အခြား | ၆၄ | ၂၃ | ၁၂ | ၁၆ | ၅ | ၅ | ၇ | ၅ | ၀ | ၆ | ၀ | ၁ | ၃ | ၀ | ၀ | ၁၄၇ |
| ၃ | တရားရေး | ၅၂ | ၂၂ | ၂၄ | ၇ | ၄ | ၆ | ၄ | ၈ | ၄ | ၄ | ၁ | ၄ | ၁ | ၀ | ၀ | ၁၄၁ |
| ၄ | ဝန်ထမ်းရေးရာ | ၁၇ | ၂၂ | ၁၉ | ၄ | ၆ | ၄ | ၁ | ၅ | ၇ | ၃ | ၄ | ၀ | ၀ | ၀ | ၀ | ၉၂ |
| ၅ | ရဲမှု | ၁၆ | ၂၆ | ၇ | ၉ | ၂ | ၄ | ၅ | ၁ | ၀ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၇၃ |
| ၆ | အုပ်ချုပ်ရေးမှုး | ၄ | ၂၀ | ၁၁ | ၄ | ၅ | ၀ | ၄ | ၁ | ၁ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | ၅၃ |
| ၇ | စည်ပင်သာယာ | ၃၀ | ၃ | ၂ | ၂ | ၁ | ၀ | ၁ | ၃ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၄၄ |
| ၈ | ငွေကြေး | ၁၄ | ၁ | ၆ | ၄ | ၆ | ၁ | ၀ | ၁ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၃၆ |
| ၉ | အမျိုးသမီး | ၃ | ၇ | ၃ | ၁ | ၁ | ၃ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၂၀ |
| ၁၀ | အလုပ်သမား | ၄ | ၂ | ၁ | ၁ | ၁ | ၁ | ၀ | ၅ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁၅ |
| ၁၁ | သာသနာရေး | ၀ | ၃ | ၀ | ၁ | ၁ | ၁ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၉ |
| ၁၂ | အကြမ်းဖက်မှု | ၂ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၆ |
| ၁၃ | အကျဉ်းထောင်မှု | ၃ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၅ |
| ၁၄ | ကလေးသူငယ် | ၁ | ၁ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၄ |
| ၁၅ | ရွှေ့နေလိုင်စင် | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ |
| ၁၆ | တပ်မတော် | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၃ |
| ၁၇ | အမှုပိတ် | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၃ |
| ၁၈ | အင်းကိစ္စ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၁၉ | လူကုန်ကူး | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၂၀ | ကလေးစစ်သား | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၂ |
| ၂၁ | ရွှေ့ပြောင်းလုပ်သား | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ |
| | စုစုပေါင်း | ၃၃၅ | ၃၀၆ | ၁၄၈ | ၁၁၀ | ၇၅ | ၆၃ | ၅၂ | ၅၀ | ၄၄ | ၄၀ | ၃၁ | ၁၅ | ၁၅ | ၃ | ၀ | ၁၂၈၇ |

နောက်ဆက်တွဲ (ခ)

## ၂၀၁၅ ခုနှစ်အတွင်း ပြန်ကြားစာများအား အမှုအမျိုးအစားနှင့် နယ်မြေအလိုက်ခွဲခြားထားရှိမှုစာရင်း

| စဉ် | အမှုအမည် | ရန်ကုန် | မန္တလေး | ဧရာဝတီ | နပတ | မွန် | မကွေး | ပဲခူး | ကချင် | ရှမ်း | စစ်ကိုင်း | ရခိုင် | ကရင် | တနင်္သာရီ | ချင်း | ကယား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | မြေအငြင်းပွားမှု | ၃၈ | ၂၂ | ၂၂ | ၁၀ | ၁၃ | ၁၂ | ၆ | ၃ | ၁၀ | ၉ | ၆ | ၂ | ၃ | ၀ | ၀ | **၁၅၆** |
| ၂ | အခြား | ၁၂ | ၆ | ၃ | ၁ | ၅ | ၀ | ၄ | ၁ | ၀ | ၂ | ၁ | ၀ | ၀ | ၀ | ၀ | **၃၅** |
| ၃ | တရားရေး | ၁၃ | ၇ | ၂ | ၀ | ၁ | ၃ | ၃ | ၁ | ၁ | ၁ | ၁ | ၁ | ၀ | ၀ | ၀ | **၃၄** |
| ၄ | ရဲမှု | ၆ | ၉ | ၂ | ၃ | ၀ | ၂ | ၂ | ၆ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | **၃၁** |
| ၅ | ဝန်ထမ်းရေးရာ | ၃ | ၅ | ၀ | ၁ | ၁ | ၀ | ၂ | ၀ | ၀ | ၁ | ၂ | ၀ | ၀ | ၀ | ၀ | **၁၅** |
| ၆ | အုပ်ချုပ်ရေးမှူး | ၁ | ၇ | ၁ | ၁ | ၀ | ၀ | ၁ | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | **၁၄** |
| ၇ | ငွေကြေး | ၂ | ၁ | ၃ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | **၈** |
| ၈ | အကျဉ်းထောင်မှု | ၂ | ၀ | ၀ | ၄ | ၀ | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | **၈** |
| ၉ | လူကုန်ကူး | ၀ | ၁ | ၁ | ၀ | ၀ | ၅ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | **၈** |
| ၁၀ | နိုင်ငံခြားသား | ၀ | ၀ | ၀ | ၈ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | **၈** |
| ၁၁ | သာသနာရေး | ၃ | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | **၆** |
| ၁၂ | အမျိုးသမီး | ၂ | ၁ | ၀ | ၀ | ၂ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | **၆** |
| ၁၃ | တပ်မတော် | ၀ | ၀ | ၂ | ၁ | ၂ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | **၆** |
| ၁၄ | အလုပ်သမား | ၀ | ၃ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | **၄** |
| ၁၅ | စည်ပင်သာယာ | ၃ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | **၄** |
| ၁၆ | အကြမ်းဖက်မှု | ၂ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | **၃** |
| ၁၇ | သဘော်သား | ၂ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | **၃** |
| ၁၈ | ရှေ့နေလိုင်စင် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | **၁** |
| | **စုစုပေါင်း** | **၉၀** | **၆၅** | **၃၆** | **၂၉** | **၂၅** | **၂၂** | **၂၁** | **၁၅** | **၁၄** | **၁၄** | **၁၂** | **၄** | **၃** | **၀** | **၀** | **၃၅၀** |

**မှတ်ချက်**။ ၂၀၁၅ ခုနှစ်မတိုင်ခင် ညှိနှိုင်းမေးမြန်းမှုများအပေါ် လက်ခံရရှိခဲ့သည့် ပြန်ကြားစာမှာ ၁၇၀ စောင်ဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွင်း ညှိနှိုင်းမေးမြန်း မှုများအပေါ် လက်ခံရရှိခဲ့သည့် ပြန်ကြားစာမှာ ၁၈၀ စောင်ဖြစ်သဖြင့် စုစုပေါင်း ၃၅၀ စောင် ဖြစ်ပါသည်။

## ၂၀၁၅ ခုနှစ်အတွင်း ရက်ပေါင်း ၃၀-၉၀ အတွင်း လက်ခံရရှိသော ပြန်ကြားစာများအား အမှုအမျိုးအစားနှင့် ဌာနအလိုက်ခွဲခြားထားရှိမှု

| စဉ် | သက်ဆိုင်ရာဌာနများ | မြေအငြင်းပွားမှု | တရားရေး | ငွေကြေး | အကျဉ်းထောင်မှု | အုပ်ချုပ်ရေးမှူး | ဝန်ထမ်းရေးရာ | စည်ပင်သာယာ | သာသနာရေး | ရဲမှု | လူကုန်ကူး | အမျိုးသမီး | အကြမ်းဖက်မှု | ကလေးသူငယ် | တပ်မတော် | နိုင်ငံခြား | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | **ပြည်ထောင်စုအဆင့်ဌာနများ** | | | | | | | | | | | | | | | | | |
| ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၁ | | | | | | | | | | | | | | | | ၁ |
| ၂ | ပြည်ထဲရေးဝန်ကြီးဌာန | ၄ | ၄ | ၂ | ၁ | ၂ | ၂ | | | ၅ | | ၂ | | | | ၃ | ၁ | ၂၆ |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန | ၄ | ၁ | | | | ၁ | | | | | | | | ၁ | | | ၇ |
| ၄ | နိုင်ငံခြားရေးဝန်ကြီးဌာန | | | | | | | | | | | | | | | | ၂ | ၂ |
| ၅ | ပြန်ကြားရေးဝန်ကြီးဌာန | ၁ | | | | | | | | | | | | | | | | ၁ |
| ၆ | သာသနာရေးဝန်ကြီးဌာန | ၁ | | | | | | | | | | | | | | | | ၁ |
| ၇ | သမဝါယမဝန်ကြီးဌာန | ၂ | | | | | | | | | | | | | | | | ၂ |
| ၈ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန | ၅ | ၁ | | | | | | | | | | | | | | ၁ | ၇ |
| ၉ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | ၃ | | | | | | | | | | | | | | | | ၃ |
| ၁၀ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | | | ၁ | | | | | | | | | | | | | | ၁ |
| ၁၁ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန | | | | | | | | | | | | | | | | ၁ | ၁ |
| ၁၂ | စက်မှုဝန်ကြီးဌာန | | | ၁ | | | | | | | | | | | | | | ၁ |

| စဉ် | သက်ဆိုင်ရာဌာနများ | မြေအငြင်းပွားမှု | တရားရေး | ငွေကြေး | အကျဉ်းထောင်မှု | အုပ်ချုပ်ရေးမှူး | ဝန်ထမ်းရေးရာ | စည်ပင်သာယာ | သာသနာရေး | ရဲမှု | လူကုန်ကူး | အမျိုးသမီး | အကြမ်းဖက်မှု | ကလေးသူငယ် | တပ်မတော် | နိုင်ငံခြား | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ၂ | | | | | ၁ | ၁ | | | | | | | | | | ၄ |
| ၁၄ | ပညာရေးဝန်ကြီးဌာန | | | | | | | | | | | | | | | | ၁ | ၁ |
| ၁၅ | သတ္တုတွင်းဝန်ကြီးဌာန | ၁ | | | | | | | | | | | | | | | ၁ | ၂ |
| ၁၆ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန | ၁ | | | | | | | | | | | | | | | | ၁ |
| ၁၇ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၉ | | | | | | | | | | | | | | | | ၉ |
| ၁၈ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ၂ | ၁ | | | | | | | | | | | | | | | ၃ |
| ၁၉ | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၁ | | | | | ၃ | | | | | | ၁ | | | | ၁ | ၆ |
| | **တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ** | | | | | | | | | | | | | | | | | |
| ၂၀ | ကချင်ပြည်နယ် | ၄ | ၁ | | | | | | | ၁ | | | | ၁ | | | | ၇ |
| ၂၁ | ကရင်ပြည်နယ် | | ၁ | | | | | | | | | | | | | | | ၁ |
| ၂၂ | စစ်ကိုင်းတိုင်းဒေသကြီး | ၁ | ၁ | | | | | | | | | | | | | | | ၂ |
| ၂၃ | ပဲခူးတိုင်းဒေသကြီး | ၃ | | | | ၁ | | | | | | | | | | | ၁ | ၅ |
| ၂၄ | မကွေးတိုင်းဒေသကြီး | ၂ | | | | | | | | | | | | | | | | ၂ |
| ၂၅ | မန္တလေးတိုင်းဒေသကြီး | ၃ | | | | ၁ | | | | | | | | | | | ၂ | ၆ |

| စဉ် | သက်ဆိုင်ရာဌာနများ | မြေအငြင်းပွားမှု | တရားရေး | ငွေကြေး | အကျဉ်းထောင်မှု | အုပ်ချုပ်ရေးမှုး | ဝန်ထမ်းရေးရာ | စည်ပင်သာယာ | သာသနာရေး | ရဲမှု | လူကုန်ကူး | အမျိုးသမီး | အကြမ်းဖက်မှု | ကလေးသူငယ် | တပ်မတော် | နိုင်ငံခြား | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၂၆ | မွန်ပြည်နယ် | ၅ | ၁ | | | | | | | | | ၁ | | | | | | ၇ |
| ၂၇ | ရခိုင်ပြည်နယ် | ၂ | | | | | | ၁ | | | | | | | | | | ၃ |
| ၂၈ | ရန်ကုန်တိုင်းဒေသကြီး | ၁၅ | | | | ၁ | | | | ၂ | | | | | | | ၁ | ၁၉ |
| ၂၉ | ရှမ်းပြည်နယ် | ၃ | | | | ၂ | | | | | | | | | | | | ၅ |
| ၃၀ | ဧရာဝတီတိုင်းဒေသကြီး | ၁၀ | | | | | | | | ၁ | | | | | | | | ၁၁ |
| | **တရားလွှတ်တော်များ** | | | | | | | | | | | | | | | | | |
| ၃၁ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၁ | ၄ | | ၁ | | | | | | | | | | | ၁ | | ၇ |
| ၃၂ | ကရင်ပြည်နယ်တရားလွှတ်တော် | ၁ | | | | | | | | | | | | | | | | ၁ |
| ၃၃ | ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် | | ၁ | | | | | | | | | | | | | | | ၁ |
| ၃၄ | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် | ၁ | | | | | | | | | | | | | | | | ၁ |
| | **ဥပဒေဌာနများ** | | | | | | | | | | | | | | | | | |
| ၃၅ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | | ၂ | | | | | | | | | | | | | | | ၂ |
| ၃၆ | ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ | ၃ | | | | | | ၂ | | | | | | | | | | ၅ |
| ၃၇ | မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ | | | | | | | ၁ | | | | | | | | | | ၁ |
| ၃၈ | နေပြည်တော်ကောင်စီ | ၂ | | | | | | | | | | | | | | | | ၂ |

| စဉ် | သက်ဆိုင်ရာဌာနများ | မြေအငြင်းပွားမှု | တရားရေး | ငွေကြေး | အကျဉ်းထောင်မှု | အုပ်ချုပ်ရေးမှူး | ဝန်ထမ်းရေးရာ | စည်ပင်သာယာ | သာသနာရေး | ရဲမှု | လူကုန်ကူး | အမျိုးသမီး | အကြမ်းဖက်မှု | ကလေးသူငယ် | တပ်မတော် | နိုင်ငံခြား | အခြား | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | **ကော်မရှင်၊ ကော်မတီနှင့် ကောင်စီများ** | | | | | | | | | | | | | | | | | |
| ၃၉ | သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ | ၁ | | | | | | | | | | | | | | | | ၁ |
| | **ပြည်တွင်းအဖွဲ့အစည်းများ** | | | | | | | | | | | | | | | | | |
| ၄၀ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ | | | | | | | | ၁ | | | | | | | | | ၁ |
| ၄၁ | လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး | | | | | | | | | | ၄ | ၁ | | | | | ၁ | ၆ |
| ၄၂ | ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး | | ၁ | | | | | | | | | | | | | | | ၁ |
| ၄၃ | Myanmar Peace Center | | | | | | | | | | | | ၁ | | | | | ၁ |
| ၄၄ | AAA ဘိလပ်မြေစက်ရုံ | | | | | | | | | | | | | | | | ၁ | ၁ |
| ၄၅ | Myanmar Tower Company | | | | | | | | | | | | | | | | ၁ | ၁ |
| ၄၆ | ရွှေသံလွင်ကုမ္ပဏီ | ၁ | | | | | | | | | | | | | | | | ၁ |
| | | ၉၅ | ၁၉ | ၄ | ၂ | ၇ | ၇ | ၅ | ၁ | ၉ | ၄ | ၄ | ၂ | ၁ | ၁ | ၄ | ၁၅ | ၁၈၀ |

## ၂၀၁၅ ခုနှစ်အတွင်း ပြန်ကြားမှုမရှိသောစာများအား အမှုအမျိုးအစားနှင့် ဌာနအလိုက်ခွဲခြားထားရှိမှု

| စဉ် | သက်ဆိုင်ရာဌာနများ | မြေအငြင်းပွားမှု | အခြား | ဝန်ထမ်းရေးရာ | ရဲမှု | တရားရေး | အုပ်ချုပ်ရေးမှုး | အမျိုးသမီး | ငွေကြေး | စည်ပင်သာယာ | သာသနာရေး | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | **ပြည်ထောင်စုအဆင့်ဌာနများ** | | | | | | | | | | | |
| ၁ | ပြည်ထဲရေးဝန်ကြီးဌာန | | ၂ | | ၃ | | ၂ | ၃ | | | | ၁၀ |
| ၂ | ကာကွယ်ရေးဝန်ကြီးဌာန | ၄ | | | | | | | | | | ၄ |
| ၃ | သမဝါယမဝန်ကြီးဌာန | ၁ | | | | | | | | | | ၁ |
| ၄ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၅ | | | | | | | | | | ၅ |
| ၅ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | | ၂ | | | | ၁ | | | ၁ | | ၄ |
| ၆ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | | ၁ | | | | | | | | | ၁ |
| ၇ | ပညာရေးဝန်ကြီးဌာန | | | ၁ | | | | | ၁ | | | ၂ |
| ၈ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၁ | | | | | | | | | | ၁ |
| ၉ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ၁ | | ၁ | | | | | | | | ၂ |
| ၁၀ | ကချင်ပြည်နယ် | ၅ | | | | | | | | | | ၅ |
| | **တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ** | | | | | | | | | | | |
| ၁၁ | ကရင်ပြည်နယ် | ၂ | | | | | | | | | | ၂ |
| ၁၂ | ချင်းပြည်နယ် | ၂ | | | | | | | | | | ၂ |
| ၁၃ | စစ်ကိုင်းတိုင်းဒေသကြီး | ၂ | | | | | | | | | | ၂ |
| ၁၄ | ပဲခူးတိုင်းဒေသကြီး | ၇ | ၁ | | | | | | | | | ၈ |
| ၁၅ | မကွေးတိုင်းဒေသကြီး | | ၁ | | | | | | | | | ၁ |

| စဉ် | သက်ဆိုင်ရာဌာနများ | မြေအငြင်းပွားမှု | အခြား | ဝန်ထမ်းရေးရာ | ရဲမှု | တရားရေး | အုပ်ချုပ်ရေးမှူး | အမျိုးသမီး | ငွေကြေး | စည်ပင်သာယာ | သာသနာရေး | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၆ | မန္တလေးတိုင်းဒေသကြီး | ၁၆ | ၂ | | ၁ | ၂ | | | ၁ | | | ၂၂ |
| ၁၇ | ရခိုင်ပြည်နယ် | ၁ | | | | | | | | | | ၁ |
| ၁၈ | ရန်ကုန်တိုင်းဒေသကြီး | ၁၃ | ၄ | | | | | | | ၁ | ၁ | ၁၉ |
| ၁၉ | ရှမ်းပြည်နယ် | ၄ | | | | | | | | | | ၄ |
| ၂၀ | ဧရာဝတီတိုင်းဒေသကြီး | ၈ | ၂ | ၇ | | | | | | | | ၁၇ |
| | **တရားလွှတ်တော်များ** | | | | | | | | | | | |
| ၂၁ | သာယာဝတီတရားရုံး | | | | | ၁ | | | | | | ၁ |
| | **ပါတီ၊ ကော်မရှင်၊ ကော်မတီနှင့် ကောင်စီများ** | | | | | | | | | | | |
| ၂၂ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁ | | | | | | | | | | ၁ |
| ၂၃ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၁ | ၁ | | | | | | | | | ၂ |
| ၂၄ | လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ | ၁ | | | | | | | | | | ၁ |
| | **ပြည်တွင်းအဖွဲ့အစည်းများ** | | | | | | | | | | | |
| ၂၆ | Asia World Co, Ltd | | ၁ | | | | | | | | | ၁ |
| | **စုစုပေါင်း** | ၇၅ | ၁၇ | ၉ | ၄ | ၃ | ၃ | ၃ | ၂ | ၂ | ၁ | ၁၁၉ |

**မှတ်ချက်**။ ၂၀၁၅ ခုနှစ်အတွင်း သက်ဆိုင်ရာ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးတို့သို့ အကြောင်းကြားမှု စုစုပေါင်း ၂၈၈ စောင် ရှိခဲ့ပြီး ရက်ပေါင်း (၃၀) အတွင်း ပြန်ကြားလာသော ပြန်ကြားစာ ၈၆ စောင်နှင့် ရက်ပေါင်း (၃၀) ကျော်မှ ပြန်ကြားလာသော ပြန်ကြားစာ ၉၄ စောင်၊ စုစုပေါင်း ၁၈၀ စောင် လက်ခံရရှိခဲ့ပါသည်။ ကျန် ၁၁၉ စောင်သည် ပြန်ကြားစာ လက်ခံရရှိမှု မရှိသေးပါ။